
www.burmeseclassic.com

မြအောင်မြင့်စာပေ

ဓူဝ

# သုသာန်ကနေပေါ်လာတဲ့သဲ

ချစ်သူကိုမခွဲနိုင်၍...သင်္ချိုင်းမြေမှ ပြန်ပေါ်လာသော
ကောင်လေးတစ်ယောက်၏အဖြစ်အပျက်...



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

## အသက်ဝင်နေသော အလောင်း

အသုဘအခမ်းအနား ပြင်ထားရာ အခန်းတွင်းသို့ ဝင်လိုက်လျှင်ဝင်လိုက်ချင်း 'နရီ'ကျောထဲ စိမ့်ခနဲ ဖြစ်သွားသည်။ သို့သော် ဂရုစိုက်မနေဘဲ အလောင်းစင်ရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားလိုက်သည်။

မမကြီးက နီမြန်းနေသောမျက်နှာဖြင့် လှည့်ကြည့်လေသည်။ သူ့ကို မြင်သည်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"နုရီ. . ကြည့်ပါဦး. . ညီမလေးအဖြစ်ကို. . "

ဆို့နင့်သောအသံဖြင့် သူ့ပခုံးကိုကိုင်ကာ မမကြီး ငိုလေတော့သည်။

"နုရီ လာပြီလေ. . ထကြည့်ပါအုံး ညီမလေး"

ရုပ်အလောင်းကို သေချာကြည့်ရန်ပြင်သော်လည်း. . မျက်ရည်ပူတို့ဖြင့် သူ့မျက်လုံးများ ဝေဝါးနေသည်။ မျက်လုံးကို ကျုံ့နေအောင် အတန်ကြာပိတ်ပြီးမှ ပြန်ဖွင့်လိုက်သည်။

ဆွေးမြေ့စွာ စိုက်ကြည့်လိုက်ရင်းဖြင့်. . .

BURMESE CLASSIC

"ခရမ်းပြာ. . မောင့်ခရမ်းပြာရယ်. . "

တိုးဖွဖွခေါ်လိုက်သည့် တခဏ. . ခရမ်းပြာ၏ မျက်တောင်များ တရွရွ လှုပ်လာသလို ထင်မိသည်။

သူ သေချာထပ်ကြည့်သည်။

ဟုတ်နေသည်. . .။ ခရမ်းပြာရဲ့ နှုတ်ခမ်းလေးတွေတောင် ပွင့်တော့မယောင် အရှိန်ယူနေသလိုပင်. . ။

"ခရမ်းပြာ. . ခရမ်းပြာ. . "

သူ အလောတကြီးခေါ်ကာ ခရမ်းပြာရဲ့လက်ကို ကိုင်လိုက်မိသည်။ ကြက်သီးများ ဖြန်းခနဲ ထသွား၏။ ရေခဲတုံးလို အေးစက်သော အထိအတွေ့ကြောင့် အလန့်တကြား ပြန်လွှတ်ချလိုက်ရသည်။

ခရမ်းပြာကို အသေအချာ စိုက်ကြည့်ပြန်တော့ မျက်ခွံ



www.burmeseclassic.com

www.burmeseclassic.com



မှိုမှိုလေးများ ဖြည်းညင်းစွာ ပွင့်လာသလို. . .။

"ခရမ်းပြာ. . မသေဘူး၊ ခရမ်းပြာ. . မသေဘူး"

သူ စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်ကာမှ အသုဘပြင်ဆင်ထားသော အခန်းထဲ လူများ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တော့သည်။

နရီကတော့ ခရမ်းပြာ၏ အေးစက်သော လက်များကို ဆွဲကိုင်လှုပ်ရမ်းလို့နေသည်။

"နရီ. . နရီ. . သတိထားပါဦး၊ ညီမလေးက တကယ်အသက်မရှိတော့ပါဘူး နရီရယ်. . ဘာတွေလျှောက်လုပ်နေဘာလဲ"

"ဟာ. . ဟော့ကောင်. . နရီ၊ အဲ့လိုမလုပ်ရဘူးလေကွာ ကိုယ့်စိတ်ကိုယ် ထိန်းမှပေါ့၊ လွှတ်. . လွှတ်. ."

ဘေးမှ ဝိုင်းပြော ဝိုင်းဆွဲကြသော်လည်း သူ့အသိစိတ်ထဲ ခရမ်းပြာ မသေဘူးပဲ မှတ်နေ၏။ ထို့နောက်တွင် သူ့ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားတော့သည်။

တကယ်တော့ ခရမ်းပြာရဲ့လက်ကို နရီ ဆွဲထားခြင်းမဟုတ်။ ခရမ်းပြာရဲ့ အေးစက်ပြာနှမ်းသော လက်ချောင်းများကသာ သူ့လက်ကို ဆွဲထားခြင်းဖြစ်သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့လေးရက်လောက်ကမှ ခရမ်းပြာနှင့် ဖုန်းပြောခဲ့တာလေး အမှတ်ရလို့သွား၏။

"ပိုက်ဆံချည်းပဲ စွတ်ရှာမနေနဲ့ မောင်၊ မြန်မြန်ပြန်လာနော်. . ခရမ်းပြာ မောင့်ကိုလွမ်းတာနဲ့ သေတော့မယ်"

ခရမ်းပြာရဲ့အသံချွဲချွဲလေးကို ခုထိကြားယောင်နေဆဲ။

သူပြန်ရောက်လာတော့ ခရမ်းပြာ ဆုံးပြီတဲ့. . ။

'ဘ'ခနဲအော်ရင်း နေရာမှာတင် သူပုံလျက်သား လဲပြိုကျခဲ့ရသည်။ ခရမ်းပြာတို့အိမ် အပြေးအလွှားလာတော့. . ဟင်းလင်းဖွင့်ထားသော ခြံတံခါးကြီးက ကျက်သရေကင်းမဲ့စွာ ဆီးကြိုနေသည်။

အိမ်ဘေးမှာ တာလပတ်မိုးနှင့်၊ ဧည့်ခန်းထဲမှာ ခရမ်းပြာ



www.burmeseclassic.com

www.burmeseclassic.com



အသက်(၂၁)နှစ်လို့ အမည်တပ်ထားတဲ့ ယပ်တောင်အထပ်ကြီး တွေ့သည်အထိ ဘာကိုမှ မယုံကြည်နိုင်အောင် သူ ကြောင်အ နေဆဲ. . ။ မမကြီးခင်ပွန်း ခရမ်းပြာရဲ့ခဲအိုကို တွေ့တော့. . သူ အလောတကြီး မေးလိုက်သည်။

"အစ်ကို. . ခရမ်းပြာရော. . ၊ ခရမ်းပြာ ဘယ်မှာလဲ"

ကိုဇော်က သူ့ပခုံးများကို ဖျစ်ညှစ်ကာ. . .

"ခရမ်းပြာ ဆုံးသွားပြီ ညီလေး"

သူ ကိုဇော့်ပခုံးပေါ်မှာ အချိန်အတော်ကြာအောင် မျက်နှာမှောက် ငိုမိသေးသည်။

"အဲဒါ ခရမ်းပြာရဲ့ချစ်သူလေ၊ စပို့ရှပ် အနက်စင်းလေး နဲ့ အခုဝင်လာတာပေါ့"

"ဟုတ်လား. . . ကောင်လေးတော့ အရမ်းကြေကွဲနေ မှာပဲနော်"

"ခုမှ ခရီးက ပြန်ရောက်တာတဲ့"

"ဟယ်. . . သနားစရာ ကောင်းလိုက်တာ"

အသုဘရှု လာကြသော ဧည့်သည်များဆီမှ တီးတိုးသံ များ ကြားရမှ သူ့စိတ်တို့ လက်ရှိအခြေအနေဆီ ပြန်ရောက်ရှိ လာခဲ့သည်။

၌ ၌ ၌ ၌



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိတ်ကိုမင်း ထိန်းနိုင်မှကြည့်တော့ နရီ၊ ခုန ကလို မင်းသိပ်စိတ်လှုပ်ရှားနေရင် လူကြားထဲ ရှက်ရှက်သဲသဲ ဖြစ်ကုန်မယ်. . လူမြင်မကောင်းဘူး၊ ငါပြောတာ ကြားရဲ့လား"

"အေးပါကွာ. . ငါ ခုနက သတိလက်လွတ် ဖြစ်သွားလို့ ပါ"

ခရမ်းပြာကို ထပ်ကြည့်ခွင့် မရတော့မှာစိုးသောကြောင့် သူတောင်းပန်တိုးလျှိုးလိုက်သည်။

ခုနက ခရမ်းပြာရဲ့မျက်တောင်လေးတွေ လှုပ်လာတာ၊ နှုတ်ခမ်းလေး ပွင့်လာတာ၊ နောက်ပြီး သူ့လက်တွေကို လှမ်းဆွဲ လိုက်တာဟာ. . တကယ်ပါဆိုတာ ဘယ်သူ့ကိုမှ ပြောမပြရဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှလည်း လက်ခံမှာမဟုတ်. . ။

သူ အတန်ငယ်တည်ငြိမ်အောင် ကြိုးစားလိုက်ပြီး ခန်းမ ထဲပြန်ဝင်ဖို့ ခြေလှမ်းပြင်လိုက်သည်။ သူ့အခြေအနေကို ငိုင် မချသလို သူငယ်ချင်းများက ဘေးမှဝန်းရံလျှက်. .

"ခရမ်းပြာ တကယ်မရှိတော့ဘူး သူငယ်ချင်း. . ၊ ဒေ တိုက်ထဲ နှစ်ရက်ထည့်ထားပြီး အခုမှ ထုတ်လာတာ၊ ခရမ်းပြာ ဆုံးသွားပြီဆိုတာ မင်းလက်ခံရလိမ့်မယ်"

တေဇာစကားကို သူ လုံးဝလက်မခံသော်လည်း ကျေ နပ်အောင် ခေါင်းအသာညိတ်ပြလိုက်ရသည်။

ဘယ်သူ့မှမကြည့်မိဘဲ သူ ခေါင်းငိုက်စိုက်ချကာ. . လျှောက်လာခဲ့သည်။ ခရမ်းပြာကိုတော့ အခေါင်းထဲ သွင်းပြီး သွားပြီ။

"နရီ. . . စိတ်ကို အတတ်နိုင်ဆုံးထိန်းပါကွာ၊ ငိုချင် ငိုချလိုက်. . ယောကျ်ားမငိုရဘူးလို့ ဥပဒေမရှိပါဘူး၊ စိတ်ကို အရမ်းထိန်းထားရင်လဲ ထင်ယောင်ထင်မှားတွေ ဖြစ်တတ် တယ်"

အာကာက သူ့ပခုံးကို တင်းတင်းဖက်ထားရင်း နှစ်သိ သည်။ ငိုချလို့မရအောင် ရင်ထဲဆို့ကျပ်နေတာ ဘယ်သူမှ နား လည်နိုင်မှာ မဟုတ်။

ခရမ်းပြာ အခေါင်းဘောင်ပေါ် လက်ကိုမှီတင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အင်အားတွေအကုန် စုပ်ယူခံလိုက်ရသလို သူ့ခေါင်းကို လှဲချလိုက်မိသည်။

သူများတွေပြောသလို ချစ်သူရဲ့ သက်မဲ့ခန္ဓာကိုယ်ကို တောင် မကြာခင်မှာ စွန့်လွှတ်လိုက်ရတော့မည်လေ။

သူ ခရမ်းပြာကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

ခရမ်းပြာရယ် . . ထလိုက်စမ်းပါ . . ။

အခေါင်းထဲက . . ထ,ထွက်လာခဲ့စမ်းပါ . . ။

ခရမ်းပြာ မင်းတကယ်မသေဘူးဆိုတာ မောင် သိသလို လူအားလုံးသိအောင် သက်သေပြလိုက်စမ်းပါကွာ . . ။

ခရမ်းပြာရဲ့နဖူးတွင် ရေခဲငွေ့များ ငွေ့ရည်ဖွဲ့လာသည် မှာ ချွေးလေးများ စို့လာသလိုပင်။

သူ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်ယူလိုက် သည်။ ခရမ်းပြာ အမှတ်တရ လက်ဆောင်ပေးခဲ့သော လက်ကိုင် ပုဝါလေး . . ။

ထိုလက်ကိုင်ပုဝါလေးဖြင့် ခရမ်းပြာရဲ့နဖူးမှ ချွေးလေး များကို ခပ်ဖွဖွ တို့ထိသုတ်ပေးလိုက်သည်။

ထို့နောက် လက်ကိုင်ပုဝါကို ဘောင်းဘီအိတ်ထဲ တယု တယ ပြန်ထည့်လိုက်သည်။

ခရမ်းပြာရဲ့နောက်ဆုံး ကိုယ်သင်းရနံ့ကလေးကို သူ တစ်သက်လုံး အမှတ်တရ သိမ်းဆည်းထားမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလက်ကိုင်ပုဝါလေးဟာ သူ့အတွက် တမန်ဆိုးတစ်ကောင်ဆိုတာ သူ လုံးဝကြိုတင်မသိရှာခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# နှင်းဆီတာရွေ

နရိ. . လက်ကိုင်ပုဝါကို ခေါင်းအုံးအောက်ထဲ သေသေသပ်သပ် ထည့်လိုက်သည်။ အင်္ကျီချွတ်လဲဖို့ ဖြင်လိုက်ရာ အိတ်ထဲမှ တစ်စုံတစ်ခုက ခေါင်းပြူထွက်လာသည်။

"ဘာလေးပါလိမ့် . ."

သူ ဆွဲထုတ်လိုက်ရာ နှင်းဆီနီလေးတစ်ပွင့် ဖြစ်နေသည်။

"ဟာ . . ဒီနှင်းဆီပန်းလေးက ငါ့အင်္ကျီအိတ်ထဲ ဘယ်လို

www.burmeseclassic.com



လုပ် ရောက်နေတာလဲ"

သူ စဉ်းစားမရဖြစ်ကာ ဖွဖွလေး ဆွဲထုတ်လိုက်သည်။

တစ်မိုက်ခန့်သာရှိသော ရိုးတံတိုနှင့် နှင်းဆီပန်းလေး တစ်ပွင့်။ သူ ဘယ်တုန်းကများ အကျီအိတ်ထဲ ကောက်ထည့်လိုက်မိပါလိမ့်။

အနားရောက်လာသော အေးမင်းအား. .

"ဒါ မင်းယူလာတာလား"

"ဟာ. . ပေါက်တတ်ကရ"

"ငါယူလာတာလဲ မဟုတ်ဘူးကွ၊ ဘယ်လိုလုပ် ငါ့အိတ်ထဲ ရောက်နေတာလဲ၊ ငါလဲ စဉ်းစားလို့ မရတော့ဘူး. . "

အေးမင်း မျက်မှောင်ကြုတ်ကြည့်ရင်း . .

"ရက်လည်နေ့ကျရင် တရားနာဖို့ သချိုင်းက ပန်းတွေဘာတွေ ယူလာတတ်ကြတယ်ကွ၊ အဲ့လို ယူလာတဲ့သူဟာ လုံးဝစကားမပြောရဘူး၊ မင်း အဲ့လိုလုပ်ဖို့ ယူလာမဟုတ်လား. .၊ ခရမ်းပြာကို လိုက်ခဲ့ဖို့ မင်းခေါ်လာသေးလား၊ မလုပ်နဲ့နော်. . ငါတို့ကြောက်တယ်ကွ"

"ရက်လည်တရားနာလုပ်မှာက ခရမ်းပြာ အိမ်မှာပဲဟာ၊ ငါက ဘာလို့ယူလာရမှာလဲ"

"ဒါဆို တစ်ယောက်ယောက်များ မင်းအိတ်ထဲ ထည့်လိုက်လေသလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုလည်း မဟုတ်ဘူးကွ၊ တစ်ယောက်ယောက် ငါ့အိတ်ထဲ လာထည့်ရင် ငါမသိဘဲ နေမလား"

သူရိန်က ဘာမှဝင်မပြောဘဲ စဉ်းစားသလို လုပ်နေရာမှ . . 'ငါသိပြီ'ဆိုကာ ဝင်ပြောသည်။

"မင်း အခေါင်းကို ငုံ့ကြည့်နေတုန်း ခေါင်းရင်းက ပန်းတစ်ပွင့်ပွင့် အိတ်ထဲ ငိုက်ကျပြီး ပါလာတာဖြစ်မယ်"

"အေး. . ဟုတ်တယ်၊ အဲ့လိုပဲ ဖြစ်မယ်"

"မဟုတ်ဘူးကွ. . ခရမ်းပြာက ဒီကောင့်နောက် လိုက်ချင်လို့ နှင်းဆီပန်းယောင်ဆောင်ပြီး အကျီအိတ်ထဲ ခုန်ဝင်လိုက်တာပဲ ဖြစ်မယ်"

အမြဲတမ်း နောက်ပြောင်တတ်လေ့ရှိသော မိုးဦးက ဒင်နှောင့်လျှင်. . အကြောက်ကြီးတတ်သော အေးမင်းတစ်ယောက် နောက်ကို ဝုန်းခနဲ ခုန်ဆုတ်ရင်း. . .

"မင်းကလဲကွာ. . မနောက်ပါနဲ့၊ နရီ စိတ်မကောင်း ဖြစ်နေပါ့မယ်"

သူကတော့ ဘာမှမပြောပဲ နှင်းဆီပွင့်လေးကို စားပွဲပေါ် အသာအယာ တင်လိုက်သည်။

"ဟော့ကောင်. . လွှင့်. . လွှင့်ပစ်လိုက်လေကွာ"

အေးမင်းက နှင်းဆီပန်းကို မရဲတရဲကြည့်ရင်းက ထစ်ထစ်ငေါ့ငေါ့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီပန်းပဲကွာ. . မင်းကို ဘာလုပ်လို့ရမှာလဲ၊ မင်းကလဲ. . အသည်းငယ်စရာမရှိ ကြံဖန်ငယ်နေပြန်ပြီ"

သူက အေးမင်းကို ဘုဆတ်ဆတ် ပြန်ပြောလိုက်သည်။

"အေးလေကွာ. . ဟုတ်တာပဲ၊ မင်းကလဲ နေရာတကာ ကြောက်ချေးပါတာလဲ လွန်ရော"

"ဘာပဲဖြစ်ဖြစ်ကွာ. . သချိုင်းက ပန်းဆိုကတည်းက ကျက်သရေ မရှိပါဘူး. . လွှင့်ပစ်လိုက်ပါ"

သူက အေးမင်းဆီ လှားခနဲ ခုန်ဝင်လိုက်သည်။

"မင်း နောက်တစ်ခါ ဒီပန်းကို လွှင့်ပစ်ဖို့ စကားထပ်ပြောရင် မင်းကိုငါ ဆွဲထိုးမိလိမ့်မယ်"

အေးမင်းက ပခုံးတွန့်ပြကာ နောက်ဆုတ်သွားသည်။

အားလုံးက သူ့ခံစားချက်ကို နားလည်သလို ငြိမ်သက်တိတ်ဆိတ်နေကြသည်။ နှင်းဆီပန်းအကြောင်း ဘယ်သူမှ ထပ်မပြောကြတော့. . .။

သို့သော်. . .

အဲ့ဒီလက်ညှိုးတစ်ဝိုင်းစာ နှင်းဆီပန်းတစ်ပွင့်ထဲမှာ မမြင်နိုင်သော လျှို့ဝှက်ဆန်းကြယ်မှုများ သယ်ဆောင်လာခဲ့တာကိုတော့ ဘယ်သူမှ မသိခဲ့ပေ။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ သေချာကြည့်ကြစမ်း၊ နှင်းဆီ
ပန်းက ရေလဲမထိဘဲနဲ့ လန်းနေတယ်နော်"

အားလုံးက နှင်းဆီပန်းကို စိတ်ဝင်တစား ဝိုင်းကြည့်ကြ
သည်။

"မင်းကလဲကွာ . . အလုပ်မရှိအလုပ်ရှာ ဒီနှင်းဆီပန်းအ
ကြောင်းပဲ စဉ်းစားနေတော့တာပဲ"

ကိစ္စတစ်ခုကို အသေးအမွှားလေးကအစ စဉ်းစားဆင်
ခြင်တတ်လေ့ရှိသော သူရိန်ကို တေဇာက လှမ်းဟောက်သည်။
တေဇာကတော့ စိတ်ကြမ်းလူကြမ်းနှင့် ဘာကိုမှလည်း အလေး
အနက် မထားတတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ. . တကယ်ဆို ဒီနှင်းဆီပန်းလေးက ညှိုးလျော်နေရမှာ. .၊ အကျီအိတ်ကပ်ထဲမှာလဲ အဖိခံထားရတာ မဟုတ်လား၊ ခုတော့ အပင်ပေါ်ကအတိုင်း လန်းဆန်းနေတာပဲ"

"အကျီအိတ်ထဲကို အလိုအလျောက် ရောက်လာကတည်းက ဒီပန်းလေးမှာ ဆန်းကြယ်မှုတွေရှိနေတယ်ဆိုတာ ငါတွေးမိတယ်၊ ဂမ္ဘီရနှင်းဆီများ ဖြစ်နေမလားပဲ"

"ဟုတ်လား. . ဒါဆို မင်းတို့ ဂမ္ဘီရနှင်းဆီက အစွမ်းပြဦးမှာပေါ့၊ ဟား. . ဟား. ."

မိုးဦးက သူတို့အားလုံးကို လှောင်ရယ်,ရယ်သည်။

ထိုအခိုက် ရုတ်ချည်း မီးပျက်ကာ အိမ်ထဲမှာ မှောင်ပိန်းသွား၏။ အသည်းငယ်တတ်သော အေးမင်းက. .

"အား. . . လုပ်ကြပါဦး"

"ဘာဖြစ်တာလဲကွ. . . မင်းကလဲ မီးပျက်တာပဲ အထူးအဆန်းလား၊ ထ,အော်ရတယ်လို့. . ."

တေဇာက အေးမင်းကို ဟောက်သည်။

"ဟိုမှာ မင်းတို့ ဂမ္ဘီရနှင်းဆီ. . ဂမ္ဘီရနှင်းဆီ"

အေးမင်း ကပေါက်တိကပေါက်ချာတွေအော်ပြီး လက်ညှိုးညွှန်ပြရာဆီ ခေါင်းတွေအားလုံး ချာခနဲ လည်သွားကြသည်။

'ဟာ'ခနဲ အံ့သြဘနန်းသံတွေက တပြိုင်နက် ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်မည်းနေသောအိမ်ထဲမှာ ဒီနှင်းဆီပန်းကပဲ ကွက်ပြီး နီရဲတောက်ပနေသည်။

"နှင်းဆီပန်းက အရောင်ထွက်နေပါလားကွ"

"ဟော့ကောင်တွေ. . . ငါကြောက်တယ် ကြောက်တယ်ကွ. . . လုပ်ပါဦး"

"နေပါဦးကွာ အေးမင်းကလဲ၊ သိပ္ပံနည်းကျကျ စဉ်းစားကြည့်စမ်းပါ၊ မြေကြီးပေါ်မှာ မီးလုံးကြီး ထ,တောက်တာတို့ ဘာတို့တောင် တချို့နေရာတွေမှာ ဖြစ်တတ်တာပဲ၊ အပူစွမ်းအင်ကြောင့် မီးစုန်းဖြပ် ဖြစ်တတ်တယ်ကွ၊ ဒီနှင်းဆီက အဲ့လိုမြေကြီးမှာ စိုက်ထားတဲ့အပင်က ပွင့်လို့ပဲ ဖြစ်ရမယ်"

သူရိန်က ဆက်စပ်စဉ်းစားပြီး ပြောပြနေသည်။

သို့သော် သူရိန့်စကားမဆုံးခင် နှင်းဆီပန်းက ရဲခနဲ ရဲခနဲ ပိုမိုတောက်ပလာသည်။

ပြီးတော့ မျက်စိရှေ့မှာတင် ပိုမိုကြီးမားလာသလို နှင်းဆီပန်းက အရွယ်အစားလည်း ကြီးမားလာကာ ပိုလည်း နီရဲလာရင်း တဖြည်းဖြည်းချင်း လေထဲ မြောက်တက်သွားတော့သည်။

မှောင်မည်းနေသောအချိန်မှာ မီးတောက်မီးစွယ်များလို ထိန်ထိန်ညီး နီရဲနေသော နှင်းဆီပန်းကြီး လေထဲ မြောက်နေပုံမှာ အသည်းထိတ်စရာ ကောင်းလှသည်။

နရီကိုယ်တိုင်ပင် ဘာတစ်ခွန်းမှ ထင်မြင်ချက် ဝင်မပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော်လည်း ဆံပင်မွေးများတော့ ထောင်ထနေသည်။ နှင်းဆီပန်းကို ကြည့်နေရင်းက ကျောရိုးတစ်လျှောက် စိမ့်တက်လာကြသည်။ နှင်းဆီပန်းက တဖြည်းဖြည်း ကြီးလာရာမှ ပန်းကန်လုံးလောက် ဖြစ်လာပြီ။

"ဟော့ကောင်တွေ ဘယ်လိုလုပ်ကြမလဲကွ၊ ကြီး. . ကြီးလာပြီ"

အာကာက အလေးအနက် စဉ်းစားမိပုံနှင့်. . .

"ငါ့ဆီမှာ ဘဘုန်းပေးထားတဲ့ ပရိတ်ရေ ရှိတယ်ကွ. .၊ ပက်လိုက်ရင် ကောင်းမလား"

အာကာ့စကားကို ထောက်ခံသလို အားလုံးက ငြိမ်သက်နေကြသည်။ အာကာက ဘုရားစင်မှ ပရိတ်ရေဗူးကို သွားယူကာ နှင်းဆီပန်းကို လှမ်းပက်လိုက်၏။

"အား. ."

စူးစူးဝါးဝါးအော်သံနှင့်အတူ နှင်းဆီပန်းမှာ ဖြုတ်ခနဲပြုတ်ကျသွားလေသည်။ ကြည့်နေသောအားလုံး ကြက်သီးထသွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် နှင်းဆီပန်းဆီမှ ဆေးရုံတွင်သုံးသော ဆေးနံ့လိုလို အော်ဂလီဆန်ချင်စရာ အနံ့ဆိုးတစ်မျိုး ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ဟင်း . ."

ညည်းညူသံကြီးတစ်ခု . ။

ပင်ပန်းတကြီး အသက်ရှူနေရသလိုမျိုး ညည်းညူသံ သဲ့သဲ့ပါ ထွက်လာခဲ့ပြီးနောက် နှင်းဆီပန်းမှာ ချက်ချင်းညှိုးကာ မည်းခြောက်သွားတော့သည်။

"တွေ့လား . . မီးစုန်းဒြပ်လည်း မဟုတ်ဘူး၊ ဂမ္ဘီရနှင်းဆီလဲ မဟုတ်ဘူး၊ မကောင်းဆိုးဝါး ကပ်ပါလာလို့ ပရိတ်ရေနဲ့တွေ့ တော့ ညှိုးသွားတာ"

အာကာက တွေးတွေးဆဆ ပြောသည်။

"အစကတည်းက ငါပြောသားပဲ၊ သချိုင်းက ပစ္စည်းဆိုတာ ကျက်သရေမရှိပါဘူးလို့ မကောင်းဆိုးဝါးက ကပ်လိုက်လာတာ ဖြစ်မှာပါ"

နရီ နှင်းဆီပန်းလေးကို နှမြောတသစွာ ကြည့်နေမိသည်။ ကိစ္စမရှိ . . ကျန်ပါသေးသည်။

လက်ကိုင်ပုဝါလေး . . . ။

ခရမ်းပြာရဲ့ ကိုယ်ရနံ့လေး စွဲကျန်နေအောင် တို့သုတ်ခဲ့သော လက်ကိုင်ပုဝါလေး ရှိသေးသည်။

ထိုလက်ကိုင်ပုဝါလေးနှင့်ပင် အလွမ်းဖြေရတော့မည်။

နရီက တစ်စုံတစ်ခုကို မလုံခြုံသလို ခေါင်းအုံးကို မသိမသာ ဖိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလက်ကိုင်ပုဝါလေးကို ဟိုကောင်တွေ မရိုပ်မိတာ သူ့အတွက် ကံကောင်းသွားစေခဲ့တာပင်. . .။

ကံမကောင်းသည်ကတော့ ထိုလက်ကိုင်ပုဝါလေးတစ်ထည်ထဲမှာ ကြောက်မက်ထိတ်လန့်ဖွယ်ရာတွေ အများကြီး ငုပ်လျှိုးလိုက်ပါလာခဲ့တာ သူလုံးဝမသိခြင်းပင်. . .။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းပြာကို အထင်မလွဲပါနဲ့ မောင်ရယ်၊ ခရမ်းပြာက မောင့်အတွက် အမှတ်တရ လက်ဆောင်အဖြစ် ထည့်ပေးလိုက်တာပါ၊ နှင်းဆီပွင့်ထဲ အဲ့ဒီမကောင်းဆိုးဝါးက ဝင်လိုက်သွားတာ မြင်ပေမယ့် ခရမ်းပြာ သူ့ကို တားလို့မရဘူး၊ သူက ခရမ်းပြာထက် အင်အားကြီးတယ်၊ အခုလို ဖြစ်သွားရတာ. . . ခရမ်းပြာစိတ်မကောင်းဘူး၊ ခရမ်းပြာ အပြစ်လဲ မကင်းသလို ခံစားရတယ်၊ ခရမ်းပြာကို ခွင့်လွှတ်ပါနော်. . ."

ခရမ်းပြာက ညှိုးဖျော့သော မျက်နှာလေးနှင့် တောင်းပန်နေသည်။

"မဟုတ်ဘူး. . မဟုတ်ဘူး. .၊ ခရမ်းပြာကြောင့် ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ပါဘူး"

သူက ခရမ်းပြာရဲ့ သနားစဖွယ်မျက်နှာလေးကို ကိုင်ရင်းပျာပျာသလဲ ငြင်းဆန်လိုက်သည်။

"မောင်လဲ စိတ်မကောင်းဘူး၊ ခရမ်းပြာ လက်ဆောင်အဖြစ် ထည့်ပေးလိုက်တာ မောင်သိတယ်၊ မောင် အရမ်းနှမြောတာပဲ"

"မနှမြောပါနဲ့ မောင်ရယ်၊ နှင်းဆီပွင့်လေး မရှိတော့ပေမယ့် ခရမ်းပြာက မောင့်အနားမှာ အမြဲရှိနေမှာပါ"

"မောင့်အနား အမြဲရှိနေမှာ. . ခရမ်းပြာ တကယ်ပြောတာလား"

"နေမှာပေါ့ မောင်ရဲ့၊ ခရမ်းပြာ မောင်နဲ့ မခွဲနိုင်ဘူး၊ ခရမ်းပြာ မောင့်နောက်လိုက်လာတာ မောင်မသိဘူးလား"

သူ အံ့သြသွားကာ ခေါင်းယမ်းပြရင်း. . .

"ခရမ်းပြာ မောင်နဲ့လိုက်လာတယ် ဟုတ်လား"

"မောင့်ခေါင်းအုံးအောက်ထဲက လက်ကိုင်ပုဝါလေး ဆွဲထုတ်လိုက်လေ"

သူ ချက်ချင်းလူးလဲထကာ ခေါင်းအုံးအောက်က လက်ကိုင်ပုဝါလေးကို အမြန်ဆွဲထုတ်လိုက်သည်။

"မောင်က ခရမ်းပြာနဖူးကို ဒီလက်ကိုင်ပုဝါလေးနဲ့ သုတ်ခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . ခရမ်းပြာနဖူးမှာ ချွေးလေးတွေ စို့နေတာနဲ့. . ."

ခရမ်းပြာက သက်ပြင်းငွေ့ငွေ့ချရင်း. . .

"ချွေးမဟုတ်ပါဘူး မောင်ရယ်၊ ခရမ်းပြာ ရေခဲတိုက်ထဲမှာ နှစ်ရက်တောင် နေခဲ့ရလို့ ရေခဲငွေ့တွေပါ"

"ဟင့်အင်း. . မဟုတ်ပါဘူး၊ ချွေးလေးတွေပါ"

သူက ခရမ်းပြာစကားကို ဖြတ်ငြင်းလိုက်သည်။

ခရမ်းပြာက သူ့အဖြစ်ကိုသဘောကျပြီး ခစ်ခနဲ ချစ်စဖွယ်လေးနှင့်. . .

"ကဲပါ. . . မောင်ပြောသလို ချွေးလေးတွေပဲ ထားပါ။ မောင်က ခရမ်းပြာနဖူးက ချွေးလေးတွေကို သုတ်ပြီး အဲ့ဒီလက်ကိုင်ပုဝါလေးကို ပြန်ယူလာခဲ့တော့ ခရမ်းပြာက မောင်နဲ့အတူ လိုက်ခဲ့လို့ ရတာပေါ့။ ခရမ်းပြာ မောင့်ကို ကျေးဇူးတင်ပါတယ်၊ မောင်သာ ဒီလိုမလုပ်ခဲ့ရင် ခရမ်းပြာ မောင်နဲ့ လိုက်ခဲ့လို့ ရမှာမဟုတ်ဘူး"

"ကျေးဇူးတင်စရာ မလိုပါဘူး ခရမ်းပြာရယ်၊ ခရမ်းပြာ မောင်နဲ့အတူ ရှိနေပေးတာကိုပဲ မောင် ဝမ်းသာလှပါပြီ၊ မောင်လဲ ခရမ်းပြာနဲ့ မခွဲနိုင်ဘူး"

နရီ ပြောရင်း အသံတွေတိမ်ဝင်သွား၏။

မျက်ရည်ကြည်များ ဝေ့ဝဲလာတာကို ခရမ်းပြာ မမြင်စေ



www.burmeseclassic.com

www.burmeseclassic.com



လိုတာကြောင့် လက်ကိုင်ပုဝါကိုဖြန့်ကာ မျက်နှာကို နှစ်လိုက်သည်။ ခရမ်းပြာရဲ့ကိုယ်နံ့ကလေးကို ရှိုက်လိုက်စဉ် . .

ဆေးရုံမှ ဆေးနံ့ကြီးက ထောင်းခနဲ နှာခေါင်းထဲ တိုးဝင်လာသည်။ သူ လက်ကိုင်ပုဝါဆီမှ မျက်နှာကို ချက်ချင်းဖယ်လိုက်သည်။ မရ . . ။ သူ့မျက်လုံးများထဲ မှောင်မိုက်သွား၏။

ဘယ်လိုမှ ဆွဲဖယ်လို့မရတော့ . . ။ မျက်နှာကျက်ပြားကြီးနှင့် ဖိချသလို ခံစားနေရသည်။ သူ တဖြည်းဖြည်း မွန်းကျပ်လာ၏။ အသက်ရှူမရ ဖြစ်လာသည်။

"ခရမ်းပြာရေ . . လုပ်ပါဦး၊ မောင့်ကို လက်ကိုင်ပုဝါ ဖယ်ပေးပါဦး . ."

မတတ်သာသည့်အဆုံး ခရမ်းပြာကို အကူအညီတောင်းဖို့ ကြိုးစားသော်လည်း အသံက မထွက်။ စိတ်ထဲက အကြိမ်ကြိမ် ခရမ်းပြာကို အကူအညီတောင်းနေမိသည်။

"ခရမ်းပြာရေ . . ကယ်ပါဦး"

သူ့နှုတ်ခမ်းတွေ ဘယ်လိုမှ ဖွင့်ဟလို့မရ။

နောက်ဆုံး . . သူ အားကုန်ရုန်းကာ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်တော့သည်။

"အား . . "

卐 卐 卐 卐



www.burmeseclassic.com

www.burmeseclassic.com



"ယော့ကောင် နရီ. . နရီ၊ ဘယ်လိုဖြစ်တာလဲ"

"ဟင်. . ."

သူ့အမြင်အာရုံများက ဘာမှမသဲကွဲ။

ကြိုးစားကြည့်လိုက်တော့ သူ့ကို အတင်းလှုပ်နှိုးနေသော သူရိန်ကို တွေ့ရသည်။

"လက်ကိုင်ပုဝါရော"

"ဘယ်က လက်ကိုင်ပုဝါလဲ၊ မင်းမျက်နှာမှာ စောင်ကြီး အုပ်ပြီးအော်နေလို့ လာဖယ်ပေးတာ"

သူ ခုထိ အသက်ရှူလို့ မဝသေး. .။

"အိပ်မက်ဆိုး မက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



နရီတစ်ယောက်တည်း တွေးနေမိသည်။

ဒါဆို ခုနက အိပ်မက်ပေါ့။

ခရမ်းပြာကို အိပ်မက်မက်နေတာပေါ့။

လက်ကိုင်ပုဝါကို သူ လူးလဲရှာသော်လည်း . . မတွေ့။

ဘယ်ရောက်သွားပါလိမ့် . . ။

နောက်မှ ခေါင်းအုံးအောက်ထဲ မသိမသာ လက်လျှို သွင်းကြည့်တော့ အေးစက်နေသော လက်ကိုင်ပုဝါစကို စမ်းမိသည်။

သူ့တစ်ကိုယ်လုံး ချမ်းစိမ့်သွားကာ ချက်ချင်း လက်ကို ပြန်ရုပ်လိုက်ရသည်။

၍ ၍ ၍ ၍



www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ဆို ရက်လည်ပြီနော်"

အေးမင်းစကားက အဆုံးအစ မရှိသော်လည်း အားလုံး နားလည်ကြသည်။

"ဒီည မင်း အဲ့ဒီအိမ်မှာ သွားမအိပ်ဘူးလား နရီ"

သူက ခေါင်းယမ်းပြလိုက်သည်။

"မနက်မှပဲ သွားမယ်"

တကယ်တော့ ခရမ်းပြာ သူ့အနားမှာပဲဆိုတာ သူ ယုံကြည်နေသည်။ ခရမ်းပြာရဲ့ဝိညာဉ်ဟာ သူမအိမ်မှာ ရှိနေမှာမဟုတ်. . ။ သူ့အနားမှာပဲ ရှိနေမှာ သေချာသည်။

"ငါကြားဖူးတာတစ်ခု ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



သူရိန့်စကားကို အားလုံးက စိတ်ဝင်တစား နားစွင့်လိုက်ကြသည်။

“ရက်လည်မယ့်ည (၁၂)နာရီဆိုရင် ဝိညာဉ်ဟာ အိမ်က ထွက်သွားရတာတဲ့၊ ထွက်ရင်လည်း နောက်ဖေးပေါက်က ဆင်းရတာတဲ့၊ ပြီးတော့ . နောက်ပြန်သွားရတာတဲ့ကွ၊ အဲ့ဒါ. . နောက်ဖေးအပေါက်ဝမှာ ပြာခင်းထားရင် ခြေရာကျန်ခဲ့တယ်တဲ့”

“နရီ. . . မင်း အဲ့လိုမျိုး သွားလုပ်ကြည့်ပါလားကွ”

“မလုပ်ပါဘူးကွာ. . . ငါ အဲ့ဒါတွေ အယုံအကြည် မရှိပါဘူး၊ တော်ပြီကွာ. . အိပ်တော့မယ်၊ မင်းတို့လဲ အိပ်ကြတော့”

သူ တမင်စကားစဖြတ်မှန်း အားလုံးက နားလည်ကာ တိတ်ဆိတ်သွားလေသည်။ သူ အိပ်ယာထဲလှဲလိုက်တော့ အလျှိုအလျှို အိပ်ယာ ဝင်ကုန်ကြသည်။

သူတို့ သူငယ်ချင်းခြောက်ယောက်က လုံးချင်းအိမ်တစ်လုံး စုငှားကာ နေထိုင်ကြခြင်းဖြစ်သည်။ ယောကျ်ားလေးတွေချည်းမို့ အိမ်ခန်းဖွဲ့စရာ မလို. .၊ ဟောလ်ပုံစံမျိုးပဲ ဖြစ်ကတတ်ဆန်း နေကြသည်။ ချက်ချင်သည့်နေရာချက်၊ စားချင်သည့်နေရာစား၊ အိပ်ချင်သလို အိပ်ကြသည်။ အိမ်က ကျယ်လို့သာ တော်တော့သည်။

ခရမ်းပြာ လာလည်လျှင်တော့. . .

“ဇရပ်အို ဇရပ်ပျက်ကြီး ကျနေတာပဲ၊ ဖုံထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်း. . ပင့်ကူမျှင်တွေ တို့လို့တွဲလွဲနဲ့ ကြမ်းကလဲ ခြေမချရဲဘူး ခြေရာထင်မှာတောင် ကြောက်ရတယ်၊ ဖုန်ထုတက်နေလို့"

လို့ အမြဲပြောတတ်သည်။

ခရမ်းပြာအကြောင်းကို ပြောနေကြမှာစိုး၍သာ အားလုံးကို အိပ်စေလိုက်ပေမယ့် သူကတော့ ခရမ်းပြာအကြောင်းတွေ တွေးကာ တော်တော်နှင့် အိပ်မပျော်။

ညဉ့်သန်းခေါင်ကျမှ မှေးခနဲ အိပ်ပျော်သွားသည်။

"ဖြန်း. . ဖြန်း. . ဖြန်း. . ဖြန်း"

ခေါင်မိုးပေါ်က တဖြန်းဖြန်းအသံများကြောင့် သူလန့်နိုးလာသည်။ သွပ်ကို တစ်စုံတစ်ခုနှင့် ရိုက်သလို အသံကြီးမှာ ညသန်းခေါင်တွင် ချောက်ချားစရာကောင်းလှသည်။

သူ အိပ်ယာထဲကမထဘဲ သူရိန်ကို လှုပ်နှိုးလိုက်သည်။

"သူရိန်. . သူရိန်"

"အေး. . . ငါနိုးနေတာ ကြာပြီ"

"ခေါင်မိုးပေါ်က အသံတွေ ကြားလား"

"ကြားတယ်"

"အေး. . ငါတို့လဲကြားတယ်၊ မင်းတို့ကိုနှိုးရမှာ အားနာလို့. ."

ဘေးချင်းကပ် အိပ်ကြတာမို့ အားလုံး ငုတ်တုတ်ထထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညမီးလုံးပြာလေးသာ ဖွင့်ထားတာမို့ လင်းချင်းသွားအောင် နရီက မီးချောင်းထဖွင့်သည်။

ခေါင်းမိုးပေါ်က တဖြန်းဖြန်းအသံမှာ ရပ်မသွား၊ ပိုလို့သာ ကျယ်လောင်လာသည်။

"ကြောက်စရာကြီးကွ. . အသံကြီးက"

အေးမင်းက အာကာနား တိုးထိုင်ရင်း နောက်ကျောမလုံသလို ကျီးကြည့်ကြောင်ကြည့် ဖြစ်နေသည်။

"သွပ်တွေက တစ်ခါတလေ အပူရှိန်ကြောင့်လည်း အသံမြည်တတ်တယ်ကွ"

"ဒီလောက် တိတ်ဆိတ်နေတဲ့ အချိန်ကြီးမှာကွာ၊ ဘာပဲဖြစ်ဖြစ် ငါတော့ကြောက်တယ်၊ ငါထင်တာကတော့ ခရမ်းပြာ"

"ဟော့ကောင်. ."

သူ့ကိုအားနာတာကြောင့် အေးမင်းစကားမဆုံးခင်. . အာကာက ဟန့်လိုက်သည်။ ထိုအခိုက်မှာပင် ကြမ်းပေါ်မှ ခြေသံတရှပ်ရှပ်ကို ထင်ရှားစွာ ကြားကြရပြန်သည်။

"ခြေသံ. . ခြေသံ. ."

"ဟုတ်တယ် အနောက်ဘက်က"

အေးမင်း မျက်စိကို စုံမှိတ်ထားရင်း နောက်လှည့်မကြည့်ဘဲ လက်ညှိုးသာ တွင်တွင်ထိုးပြနေသည်။ ခဏအတွင်းမှာပင် ခြေသံက ဟိုမှသည် သည်မှဟို လူးလာခေါက်ပြန် လျှောက်

www.burmeseclassic.com



နေသံလိုမျိုး အသံပြင်းပြင်း ကြားရလေသည်။

"လုံချည်အနားခတ်သံမျိုးကွ. . "

"လူခြေသံက ဒီလောက်မပြင်းပါဘူးကွာ၊ ငါတော့ ကျော ထဲက စိမ့်တက်လာတယ်"

"ငါလည်း ကြက်သီးတွေ ထလာပြီ"

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်မှာမို့ ခေါင်မိုးပေါ်က တဖြန်းဖြန်းအသံနှင့် ကြမ်းပေါ်က တရှပ်ရှပ် အသံမှာ အဆမတန် ကျယ်လောင်မြည်ဟီးနေတော့ကာ. . အင်မတန် ချောက်ချားထိတ်လန့်စရာ ကောင်းလွန်းနေသည်။

"နရီရေ. . မင်းကြိုက်ကြိုက် မကြိုက်ကြိုက်ကွာ၊ ငါတော့ ထူးခြားမလားလို့ တစ်ခုလုပ်ကြည့်ချင်တယ်"

သူက အာကာကို နားမလည်စွာ လှမ်းကြည့်လိုက်သည်။

"ခရမ်းပြာကို အမျှဝေကြည့်ချင်တယ်"

အားလုံးက အာကာ့စကားကို စိတ်ဝင်တစား ဖြစ်သွားကြသည်။

"အေး. . . လုပ်သင့်တယ်ကွ၊ နရီ မင်း စိတ်မကောင်းတော့ မဖြစ်နဲ့ကွာနော်"

အများနှင့်တစ်ယောက်မို့ သူဘာမှမပြောသာ။

အာကာက ဘုရားပုံတော်ရှေ့၌ ဆီမီးပူဇော်ကာ လေး



www.burmeseclassic.com

www.burmeseclassic.com



နက်အောင်မြင်သောအသံဖြင့် ဘုရားစာ ဂါထာတော်များကို ဌာန်ကရိုဏ်းကျကျ စတင်ရွတ်ဖတ်ပူဇော်လေတော့သည်။

ပြီးလျှင်. . .

"မကျွတ်မလွတ်သေးသော သတ္တဝါများအားလည်း အမျှ. . . မေတ္တာပို့ပေးပါတယ်၊ အမျှ. . . အမျှ. . . အမျှ. . . ယူတော်မူကြပါ၊ အထူးသဖြင့်. . သူငယ်ချင်းဖြစ်သူ ခရမ်းပြာ ဒီအနီးပတ်ဝန်းကျင်မှာ ရှိပါက အမျှမေတ္တာပို့ပေးဝေပါတယ်၊ အမျှ. . . အမျှ. . . အမျှ၊ ခရမ်းပြာ ကောင်းရာမွန်ရာ ရောက်ပါစေ"

အာကာ့ဆီမှ အမျှဝေခြင်း ဆုံးလျှင်ဆုံးချင်း အသံများမှာ မီးကိုရေနှင့် ငြိမ်းသတ်လိုက်သလို ရုတ်ချည်း တိတ်ဆိတ်ငြိမ်ကျသွားတော့သည်။ သူကိုယ်တိုင် အံ့သြသွားရသည်။

ဒါဆို ဒီအသံတွေဟာ ခရမ်းပြာ ဖန်တီးနေတာလား။

ထူးခြားတဲ့ တိုက်ဆိုင်မှုလား။

"ကဲ. . . ပြန်အိပ်ကြရအောင်ကွာ၊ (၁၂)နာရီတောင် ထိုးနေပြီ"

(၁၂)နာရီ။ ညဦးက သူရိန်ပြောသလို ရက်လည်ဖို့ ည (၁၂)နာရီမှာ ခရမ်းပြာက. . .။

သူ့အတွေး မဆုံးခင် အာကာက ဖြည့်ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းပြာက နရီ့ကို လာနှုတ်ဆက်တာ ထင်ပါရဲ့ကွာ"

"နှုတ်ဆက်တာကလဲ ကြမ်းလိုက်တာကွာ. .၊ ပြောရင်း ကြက်သီးတောင် ပြန်ထလာပြီ"

အေးမင်းက ကြက်သီးများကို လက်ဖြင့် သပ်ချပြသည်။ ရှေ့ဆက် ဒီထက်ပိုကြမ်းလာဦးမလားဟု သူ အထိတ်တလန့် တွေးလိုက်မိပြီးမှ ခရမ်းပြာကို သနားစိတ်ဖြင့် ခေါင်းယမ်းကာ သူ့အတွေးကို သူ့ဘာသာ ပြန်ငြင်းဆန် မောင်းထုတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

## လိပ်ပြာတစ္ဆေ

သူငယ်ချင်းတွေအားလုံး အသီးသီး လုပ်ငန်းခွင်သွားကြပြီ။ သူကတော့ တလောကတင် ခရီးထွက်ပြီး အရောင်းအဝယ်ကိစ္စတစ်ခု အဆင်ပြေထားတာမို့ လောလောဆယ် ထိုင်စားနေဖြစ်သည်။ လက်ထဲက ပိုက်ဆံမပြတ်မချင်း အလုပ်ပြန်လုပ်ဖို့ အစီအစဉ် မရှိသေး။ လုပ်ချင်စိတ်ကလည်း မရှိ။

ခရမ်းပြာက ရုတ်တရက်ကြီး သေဆုံးထားတာမို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ဘယ်လိုမှ ဖြေမရ။ အချိန်တိုင်း ခရမ်းပြာကိုသာ သတိရနေမိသည်။

အိပ်ယာပေါ် ဝမ်းလျားထိုး ပစ်မှောက်လှဲချကာ ခေါင်းရင်း၌ ကပ်ထားသော ခရမ်းပြာ ဓါတ်ပုံလေးကို ငေးရီ ကြည့်နေမိသည်။

ခရမ်းပြာဓါတ်ပုံကို ခေါင်းရင်းမှာမကပ်ဖို့ အားလုံး ဝိုင်းကန့်ကွက်ကြသော်လည်း သူငယ်ချင်းများနှင့် အတိုက်အခံပြုကာ ကပ်ထားရသော ဓါတ်ပုံလေး။

ဓါတ်ပုံထဲမှ ခရမ်းပြာက ပန်းနုရောင် နှုတ်ခမ်းပါးလေးများဖြင့် သူ့ကိုပြုံးကာ စိုက်ကြည့်နေဆဲ. . ။ သူ အင်မတန် စွဲမက်ခဲ့ရသော အပြုံးလေး . . ။ သူ့ရင်ကို ကိုင်လှုပ်ကျီစယ်နိုင်သော အပြုံးကလေး. . ။

သူ ငေးစိုက်ကြည့်နေမိရာ ဓါတ်ပုံထဲမှ ခရမ်းပြာရဲ့အပြုံးလေးက တစထက်တစ ပီပြင်လာသလို. . သူ့စိတ်ထဲ တစ်မျိုးဖြစ်ကာ ဓါတ်ပုံကို အနားကပ်လျှက် အသေအချာ ကြည့်လိုက်သည်။

ဟုတ်တယ်. . ။ ပိုပြီးအသက်ဝင်လာသလိုပင်. . ။

ပန်းနုရောင် နှုတ်ခမ်းပါးကလေးများက ပိုမိုကော့ညွတ်လာသည်။

ကြည့်နေရင်းမှာပင် ခရမ်းပြာရဲ့ဓါတ်ပုံထဲမှ အနက်ရောင် တစ်စုံတစ်ရာက လှစ်ခနဲ ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူအသေအချာ ကြည့်လိုက်တော့ လိပ်ပြာငယ်လေး လက်သည်းခွံသာသာ,သာရှိသော လိပ်ပြာငယ်ကလေး။

အသေအချာ ကြည့်တော့မှ အနက်ရောင် မဟုတ်ဘဲ ခရမ်းပြာရောင် ဖြစ်နေသည်။ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး လွှတ်ခနဲ ခေါ်လိုက်မိသည်။

"ခရမ်းပြာ. . . ခရမ်းပြာလားဟင်"

လိပ်ပြာလေးက ဟိုဟိုသည်သည် ဝဲပျံနေဆဲ။

သေချာပါတယ်. . ။

ဒီလိပ်ပြာကလေးက ခရမ်းပြာရဲ့ဝိညာဉ်မှ ခရမ်းပြာ၏ ဝိညာဉ်အစစ်ပါ။

သို့သော်. . .

သေချာအောင် စမ်းသပ်ကြည့်ဖို့ စဉ်းစားလိုက်သည်၊

"ခရမ်းပြာဆိုရင် ဟိုမှာလှန်းထားတဲ့ အင်္ကျီတွေထဲက မောင့်အင်္ကျီကို ရွေးပြီးနားပြပါလား၊ မောင် သေချာချင်လို့ပါ"

သူက တန်းပေါ်က အင်္ကျီတွေကို လက်ညှိုးညွှန်ပြလိုက်သည်။ လိပ်ပြာကလေးက သူ့နား ဝဲလာလိုက်၊ အဝေးကို ပျံသွားလိုက်နှင့်. . ။

နရီ စိတ်လှုပ်ရှားစွာ လိုက်ကြည့်နေမိသည်။

တဖြည်းဖြည်း လိပ်ပြာလေး အင်္ကျီတန်းဆီ ပျံသွားရာ သူ့ရင်တွေ တဒိတ်ဒိတ် အခုန်မြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး သူရိန့်အင်္ကျီနား ဝဲသွားပြီးမှ အဝေးကို ပြန်ထွက်သွားသည်။

နောက်. . အေးမင်းအင်္ကျီဆီ။

နောက်. . အာကာ့အင်္ကျီဆီ။

သို့သော် တစ်ထည်မှ မနား။

နောက်ဆုံး သူ့အင်္ကျီပေါ်မှာ အသေအချာ ကြာမြင့်စွာ နားလိုက်သောအခါ သူ ထိတ်ခနဲ ပျော်သွားသည်။

သေချာသွားပြီ. . ။

ဒါ ခရမ်းပြာရဲ့ဝိညာဉ်ကလေးပဲ။ သူ လိပ်ပြာလေးအနား ပြေးသွားလိုက်သည်။

"ခရမ်းပြာ. . "

လိပ်ပြာလေးက အင်္ကျီပေါ် နားနေရာမှ တောင်ပံလေးများ တဖျတ်ဖျတ် လှုပ်လာသည်။

ပြီးတော့. . . သူ့ပခုံးပေါ် လာနားသည်။

သူအတော်ပျော်သွားသည်။

သူ့နား ခရမ်းပြာ ပြန်ရောက်လာခဲ့ပြီ။

သို့သော်. . သူ့အပျော်များက အချိန်ကြာမြင့်စွာ မတည်မြဲလိုက်။ ဘာကြောင့်လဲဆိုတော့. . သူ့ပခုံးပေါ်မှာ လာနားနေသော လက်သည်းခွံသာသာ လိပ်ပြာလေးက သွေးပျက်ချင်စရာကောင်းလောက်အောင် အေးစက်လေးလံလာသောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး တောင့်တင်းအေးခဲသွားသည်။

သူ့ခန္ဓာကိုယ်ထဲက ရှိသမျှအင်အားများကို လိပ်ပြာက စုပ်ယူဝါးမျိုလိုက်သလို ခံစားရသည်။ နောက်ဆုံး သူ့ခန္ဓာကိုယ်ထဲက အင်အားများ ကုန်ဆုံးသွားသလို. . သူ ပစ်လဲကျသွားတော့သည်။

၂ ၂ ၂ ၂



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလိုပဲ အိမ်ထဲမှာ ငေါင်မနေနဲ့၊ အပြင်လေး ဘာလေး ထွက်ဦး၊ မင်းကြည့်ရတာ ငေါင်လွန်းတယ်ကွာ"

"သေတဲ့သူအတွက် ပူဆွေးတာကို အပြစ်မတင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ဘဝအတွက်လည်း အဓိပ္ပါယ်ရှိအောင် နေဦးလေ၊ ဒီပုံစံအတိုင်းဆို ကြာရင် မင်း စိတ်ဝေဒနာရလိမ့်မယ်"

နရီ ဘာမှပြန်မပြောဖြစ်။

သူတို့ပြောသလို အပြင်မထွက်ဖြစ်တာက ခရမ်းပြာတစ်ယောက်ထဲ အိမ်ထဲမှာ ကျန်ရစ်ခဲ့မှာကို သနား၍ဖြစ်သည်။

ပတ်ဝန်းကျင်နှင့် ကင်းကွာကာ ခရမ်းပြာနှင့် ခုလို နှစ်ယောက်ထဲ အိမ်ထဲမှာ လွတ်လွတ်လပ်လပ် သီးခြားလေး နေရ

www.burmeseclassic.com

www.burmeseclassic.com



တာကို သူ နှစ်မွေ့သည်။ အခုလည်း အိပ်မပျော်. . ။

ခြံထဲဆင်းထိုင်ကာ ခရမ်းပြာနှင့်အတူ ကော်ဖီသောက်ချင်စိတ် ပေါ်လာသည်။ ခရမ်းပြာ ကော်ဖီသောက်လို့ ရမရ တော့မသိ။ စမ်းသပ်ကြည့်ဦးမည်။

ခရမ်းပြာက ကော်ဖီဆို နို့များများနှင့် ဆိမ့်နေမှ ကြိုက်သည်။ ခရမ်းပြာအကြိုက် ခါးဆိမ့်ဆိမ့် ကော်ဖီတစ်ခွက်နှင့် သူ့အကြိုက် အခါးပြင်းပြင်းတစ်ခွက်ဖျော်ကာ ကော်ဖီနှစ်ခွက်ကိုင်ရင်း ခြံထဲဆင်းလာခဲ့သည်။

လပြည့်ည ထင်ပါရဲ့. . ခြံထဲ လရိပ်ဖြင့် လင်းပနေကာ ကြည်နူးဖွယ် ကောင်းလှသည်။ လရောင်က လူ့စိတ်ကို ညှို့ငင်တတ်သည်ဆိုတာ အမှန်ပင်။ သူ့စိတ်ထဲ လွမ်းမောသလိုလို ကြည်နူးသလိုလို ခံစားရသည်။

"ခရမ်းပြာ"

သူက စတင်ခေါ်လိုက်သည်။

"မောင် ခရမ်းပြာနဲ့ ကော်ဖီအတူသောက်ချင်တယ်၊ ခရမ်းပြာအကြိုက် ခါးဆိမ့်ဆိမ့်လေး ဖျော်လာတယ်၊ မောင်နဲ့ အတူ ကော်ဖီလာသောက်နော်"

အေးစက်လှသော လေပြည်က သူ့မျက်နှာနား သုတ်ခနဲ ဖြတ်ပြေးသွားသည်။ ညဥ့်လေမို့ အေးတာထင်ပါရဲ့. . ။

'ဂီး'ခနဲ ညငှက်တစ်ကောင်ရဲ့အော်မြည်သံ ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ သူ ဆတ်ခနဲ တောင့်မတ်သွားသည်။

ငြိမ်သက်နေသော ပတ်ဝန်းကျင်မှာ စံပယ်ရုံတစ်ရုံထဲ ကွက်ပြီး သိသိသာသာကြီး လှုပ်ယိမ်းနေသည်။

ဟင်. . ခရမ်းပြာက အဲ့ဒီထဲမှာလား. . ။

သူ အပြင်းအထန် စိတ်လှုပ်ရှားကာ စပါယ်ရုံအနား သွားဖို့ ခြေလှမ်းပြင်သည်။ သို့သော် သူ့ကိုယ်က လှုပ်မရ။

သူ ထပ်ကြိုးစားကြည့်သည်။ မရ. . . ။

လေးငါးခါ ကြိုးစားကြည့်သော်လည်း မရသည့်အဆုံး တွင် သူလက်လျှော့လိုက်ရသည်။ ကြည့်နေရင်းက စပါယ်ရုံက ဖြည်းညင်းစွာ ငြိမ်သက်သွားသည်။

ထို့နောက်. . နှင်းမြူလို မီးမှုန်လို အငွေ့များ စပါယ်ရုံ ထဲမှ ဝေဝါးစွာ ထွက်ပေါ်လာသည်။ သူ အံ့သြထူးဆန်းစွာ ကြောင်သက်နေမိသည်။ ထိုအငွေ့တန်းက မျောလွင့်ညင်သာ စွာ သူ့ဘေးနား ရောက်လာသည်။ ထို့နောက်မှ ဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လာလေသည်။

"ခရမ်းပြာ"

"ဟုတ်တယ် မောင်. . . ခရမ်းပြာပါ"

သူ မယုံနိုင်သလို မျက်လုံးများကို ပွတ်သပ်ကာ ခရမ်း ပြာကို စူးစိုက်ကြည့်နေမိသည်။

"မယုံဘူးလား မောင်ရဲ့၊ ခရမ်းပြာအစစ်ပါ"


www.burmeseclassic.com

www.burmeseclassic.com



"ယုံတယ်. . ယုံတယ်. . ၊ မောင်က ခရမ်းပြာကို ဒီတစ်သက် မတွေ့ရတော့ဘူးဆိုပြီး စိတ်ဖြေမရ ဖြစ်နေတာ"

"မောင် မြင်ရအောင် ခရမ်းပြာ မနည်းကြိုးစားထားရတာ"

"မနည်းကြိုးစားရတယ် ဟုတ်လား. . ဘာဖြစ်လို့လဲ"

သူ နားမလည်. . ။ အလောတကြီး မေးလိုက်မိသည်။ ခရမ်းပြာ မျက်နှာလေးက ပြုံးရွှင်နေရာမှ ညှိုးလျသွားသည်၊

"ဘဝချင်းက ခြားသွားပြီလေ မောင်ရယ်"

"အဲ့ဒီစကား မပြောပါနဲ့လား. . မောင် မကြားချင်ဘူး၊ ခရမ်းပြာနဲ့မောင် ဘယ်တော့မှ မခွဲဘူး၊ ဒါပဲ မောင်သိတယ်"

ခရမ်းပြာက သူ့မျက်လုံးများထဲကို အသေအချာ စိုက်ကြည့်ပြီး မေးသည်။

"အခုလို အထင်အရှား တွေ့လိုက်ရတော့. . မောင် ခရမ်းပြာကို ကြောက်မသွားဘူးလားဟင်"

"ဟင့်အင်း. . . မကြောက်ပါဘူး၊ မောင် သိပ်ပျော်သွားတာ ခရမ်းပြာရဲ့. . "

လူ့ဘဝက ရုပ်အတိုင်း ခရမ်းပြာကို လှပစွာ မြင်ရလို့ မကြောက်မိတာများလား. . ။ ဖြစ်နိုင်သည်. . ။

သူ့အတွေးများကို ခရမ်းပြာက ဘယ်လိုများ သိသွားတယ် မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်မပြောင်းဘဲ တွေ့ရလို့ မောင် မကြောက်တာပါ. . ။ ခရမ်းပြာရဲ့လက်ရှိရုပ်အမှန်ကိုသာ တွေ့ရရင်. . မောင် သိပ်ကြောက်သွားမှာ၊ မောင် မမှတ်မိမှာစိုးလို့ လူ့ဘဝက ရုပ်အတိုင်း ခရမ်းပြာက ဖန်ဆင်းပြရတာ၊ အခုလို ဖန်ဆင်းပြရတာ ခရမ်းပြာ အရမ်းပင်ပန်းတယ် သိလား၊ ခရမ်းပြာမှာ စွမ်းအင် သိပ်မရှိသေးတော့ အကြာကြီး ဖန်ဆင်းပြလို့မရဘူး"

ခရမ်းပြာ ပြောနေတာတွေ သူ ဘာတစ်ခုမှ နားမလည်။ နဝေတိမ်တောင်ဖြစ်ကာ ထူးဆန်းစွာပဲ သူမကို ငေးကြည့်နေမိသည်။

"ကဲ. . . ခရမ်းပြာ သွားတော့မယ်၊ မောင့်ကို မြင်စေချင်လွန်းလို့သာ လာပြတာ၊ ခရမ်းပြာမှာ စွမ်းအင်တွေ ကုန်ပြီ၊ မကြာခင် ရုပ်အမှန် ပေါ်လာတော့မှာ. . "

နရီ မျက်ရည်များစီးကျလာကာ ငိုရှိုက်ရင်း . .

"မသွားပါနဲ့ဦး ခရမ်းပြာရယ်၊ မောင့်နားမှာ ခဏလေး နေပါဦး၊ မောင် ခရမ်းပြာကို တွေ့ရတာ မဝသေးလို့ပါ၊ ခရမ်းပြာကို မတွေ့ရတာ ဘယ်လောက်တောင် ကြာပြီလဲ၊ မောင် လွမ်းနေရတာ ကြာပြီ၊ တဝကြီး အတူနေပါရစေဦး"

"မဖြစ်ဘူး မောင်၊ ခရမ်းပြာရဲ့ရုပ်အမှန် ပေါ်လာရင် မောင် သိပ်ကြောက်သွားလိမ့်မယ်"

သူတားနေစဉ်မှာပင် ခရမ်းပြာရဲ့ခန္ဓာကိုယ်ဟာ မှုန်ဝါး



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

"အား"

နရီ အနောက်ကို ခုန်ဆုတ်ကာ အော်လိုက်မိသည်

သူ့မျက်စိရှေ့ မြင်နေရသည်က ခရမ်းပြာ မဟုတ်တော့။ ဆံပင်များ ဖိုးရိုးဖားလျား ဖုံးအုပ်ကျနေကာ နီရဲစူးတောက်နေသော မျက်လုံးအစုံက သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

"မောင် ကြောက်သွားပြီ မဟုတ်လားဟင်၊ ခရမ်းပြာရဲ့ ရုပ်အမှန်ကို မောင် ကြောက်သွားပြီ မဟုတ်လားဟင်၊ ကဲ. . နောက်ကို ခရမ်းပြာကို ထပ်မြင်ချင်နေသေးရဲ့လား"

အသံကြီးက ခရမ်းပြာအသံ မဟုတ်တော့။ ရင်ခေါင်းသံကြီးလို ချောက်ချားဖွယ်ရာ အသံဆိုးကြီး. . ။

"ဟင့်အင်း. . ဟင့်အင်း. . ခရမ်းပြာ မဟုတ်ဘူး. . ။ သွား. . . ထွက်သွား. . "

"မောင်ပဲ ခရမ်းပြာကို အနားမှာနေပါဆို"

"မဟုတ်ဘူး. . . နင်က ခရမ်းပြာ မဟုတ်ဘူး၊ သရဲမ ထွက်သွား. . ထွက်သွား. . "

သူ ကြောက်စိတ်တွေ တစ်ကိုယ်လုံးပြည့်ကာ မျက်လုံးစုံမှိတ်ရင်း အားကုန်ကြုံးအော်နေမိသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ယောကောင်. . နရီ. . နရီ. . "

"ဟင်. . . "

သူ့နာမည် အဆက်မပြတ် ခေါ်နေသံကြားရသည်။

မျက်လုံးကို မဖွင့်ရဲ။

"နရီ. . . နရီ. . . ဘာတွေဖြစ်နေတာလဲ"

သူရိန့်အသံ. . ။

သူ နည်းနည်းအားတက်လာကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"အား. . . "

သူ့မျက်စိရှေ့ မြင်လိုက်ရသည်က သူရိန်မဟုတ်. . ။



www.burmeseclassic.com

www.burmeseclassic.com



အရိုးခေါင်းကြီး. . .

"ဟာ. . . ဒီကောင် ဘာဖြစ်တာလဲ၊ ငါပါကွ. . . သူရိန်ပါ"

သူက နောက်တစ်ခါ အသေအချာ စိုက်ကြည့်တော့မှ အရိုးခေါင်းပုံပါ တီရှပ်ဝတ်ထားတဲ့ သူရိန့်ကို တွေ့ရလေသည်။

"ငုတ်တုတ်ကြီး အိပ်ပျော်ပြီး ဘာတွေလျှောက်အော်နေတာလဲ"

"ငါ. . ငါ. . ခရမ်းပြာကို"

"ခရမ်းပြာ ဘာဖြစ်လဲ"

သူရိန့်နောက်နားမှာ ကပ်နေသော အေးမင်းက ဟိုကြည့်သည်ကြည့်နှင့် စိတ်ဝင်တစား မေးသည်။

ဒီကောင်တွေကို အမှန်အတိုင်း ပြောပြ၍မဖြစ်။

"ခရမ်းပြာကို အိပ်မက်မက်နေတာ. . "

"ကဲ. . ထပါ၊ ဒီအချိန်ကြီး ခြံထဲ ဘာဆင်းလုပ်တာလဲ"

သူရိန်က သူ့ကို ဆွဲထူရင်း မေးသည်။ နရီ ဘာမှမဖြစ်သလိုပုံစံနှင့်. . .

"လက သာနေတာ လင်းထိန်နေတာပဲ. . လှလို့ကွာ၊ အဲဒါနဲ့ခြံထဲ ဆင်းထိုင်နေတာ၊ ဘယ်အချိန်က အိပ်ပျော်သွားလဲ မသိပါဘူး"

ကော်ဖီသောက်မလို့ဟု ပြောမည်ပြင်ပြီးမှ သူ ဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်။

ကော်ဖီခွက်။

ဟုတ်ပါရဲ့. . . သူ သတိတရနှင့် ကော်ဖီခွက်များကို လှည့်ကြည့်လိုက်သည်။

နရီ့ ကော်ဖီခွက်က ဒီအတိုင်း. . အရာမယွင်း။

ခရမ်းပြာအတွက် ဖျော်ထားသော ကော်ဖီခွက်ထဲမှာတော့ ဘာမှရှိမနေတော့. . ။ သူ ခေါင်းခြောက်သွားရသည်။

ကော်ဖီတွေ ဘယ်ရောက်ကုန်တာလဲ။ သူ စဉ်းစားရကျပ်နေဆဲ ကော်ဖီခွက်ထဲမှ လိပ်ပြာတစ်ကောင် ထပျံသွားတာတွေ့လိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

# သဝန်တိုတတ်တဲ့ဝိညာဉ်

အဘအိုလုံးက နေ့လည်စာကို အလုပ်ထဲမှာပဲ စားကြတာမို့ တစ်ယောက်တည်းကျန်ခဲ့သော သူ့ကို သူရိန်က စိတ်မချ။

"ငါတို့မရှိရင် မင်း ထမင်းစားမှာ မဟုတ်ဘူး၊ ခံစားရတာကတော့ ခံစားရတာပေါ့ကွာ၊ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦးမှပေါ့၊ စားချိန်တန်စား. . အိပ်ချိန်တန်အိပ်၊ မင်းအတွက် နေ့လည်စာကို ထမင်းဆိုင်မှာ မှာထားခဲ့မယ်၊ နေ့လည်ကျ ချိုင့်နဲ့

www.burmeseclassic.com



လာပို့ပေးလိမ့်မယ်. . စားဖြစ်အောင်စား"

"နေပါစေကွာ. . . ငါ့အတွက် တကူးတက မစီစဉ်ပါနဲ့၊ ခေါက်ဆွဲပြုတ် စားလိုက်လဲ ဖြစ်ပါတယ်"

"ရတယ်. . . ငါမှာထားပြီးပြီ၊ နေ့လည်ကျ လာပို့ပေး လိမ့်မယ်"

နရီ မတတ်နိုင်တော့၊ ဒီထက် ဆက်ငြင်းလျှင် သူရိန့် စေတနာကို စော်ကားရာကျတော့မည်။

"အေးပါကွာ. . . ကျေးဇူးပဲ"

တကယ်တော့ နေ့လည်နေ့ခင်း တစ်ယောက်တည်းနေ ချင်မိသည်။ အပြင်လူ တစိမ်းတစ်ယောက်မှ မလာစေချင်၊ ဘယ် သူနဲ့မှလည်း မတွေ့ချင်၊ ဘယ်သူ့ကိုမှလည်း စကားမပြောချင်၊ တစ်ယောက်တည်း အေးဆေးသာ လွမ်းနေလိုက်ချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



“**အစ်**ကို. . အစ်ကို. . ”

အတွေးထဲ တစ်ယောက်တည်း လွှမ်းမောနေချိန် ခေါ်သံကြားတာကြောင့် စိတ်ပျက်သွားမိသည်။ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ ဆွဲခြင်းလေး ကိုင်ထားသော ကောင်မလေး တစ်ယောက်. . ။

“အစ်ကို့အတွက် ထမင်းချိုင့် လာပို့တာ”

“အေး. . လာပြီ. . လာပြီ”

“ချိုင့်တစ်ခါတည်း လှယ်ပေးလိုက်နော် အစ်ကို”

“အေး. . အေး. . ”

နရီ ချိုင့်လှယ်မယ်လုပ်တော့ ကောင်မလေးက နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖေးထိ လိုက်လာသည်။

စင်ပေါ်က ပန်းကန်လုံးတွေ ဆွဲယူကာ သူမဘာသာ လှယ်ပေးနေတော့သည်။ နရီ့စိတ်ထဲ လိုက်ရှုပ်နေသလို ထင်မိသည်။ အိမ်ရှေ့ဘက်ဆီ ပြန်ထွက်လာကာ ကုလားထိုင်မှာ ထိုင်နေလိုက်တော့သည်။ ချိုင့်လှယ်ပြီးတော့လည်း သူမက မပြန်သေး။ သူ့အနားရောက်လာကာ. .

"အစ်ကိုက တစ်ယောက်တည်း ဘာဖြစ်လို့ ကျန်ခဲ့တာလဲ၊ အလုပ်မလုပ်ဘူးလား"

"အင်း. . . မလုပ်သေးဘူး"

နရီ စိတ်မပါဘဲ ပြန်ပြောနေမိသည်။

"အရင်က ဘာလုပ်လဲဟင်၊ အစ်ကိုက သူဌေးသားလား"

"သူဌေးသား မဟုတ်ပါဘူးကွာ၊ အလုပ်က နယ်စပ်မှာ၊ အဆင်ပြေရင် ဒီမှာပြန်လာနေတယ်"

စိတ်မပါလက်မပါဘဲ စကားပြောနေရတာ နရီ စိတ်ပျက်လာသည်။ မြန်မြန်ပြန်ပါစေလို့ ဆုတောင်းနေမိသည်။ ထိုသို့ဖြစ်နေစဉ် ဘယ်နေရာက ထွက်လာမှန်းမသိသော ခရမ်းပြာရောင် လိပ်ပြာကလေးက သူတို့နှစ်ယောက်နား ဝဲပျံနေတာကို တွေ့လိုက်ရလေသည်။

တောင်ပံလေး တဖျတ်ဖျတ် ခတ်ရင်းက သူမပခုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာနားသည်။ နရီ့ပခုံးမှာ ကျဉ်ခနဲ ဖြစ်သွား၏။

"ဟယ်. . . လိပ်ပြာလေးက ချစ်စရာလေးတော့၊ သေးသေးလေး. . ခရမ်းရောင်လေးနော် တစ်ခါမှမတွေ့ဖူးဘူး၊ အစ်ကိုကန်တော့နော်. . ဖြူစင် ဖမ်းချင်လို့"

သူမက ဖိုးခနဲဇတ်ခနဲဖြင့် နရီ့ ပခုံးပေါ် လက်ဝါးနှင့်ဘက်အုပ်ကာ လာဖမ်းလေသည်။

"အား. . ."

"ဘာဖြစ်တာလဲ ဖြူစင်"

"မိုးစနဲ့ ထိုးသလိုပဲ၊ လက်ကို ပူသွားတာပဲ"

ဖြူစင် လက်နှစ်ဘက်ကို လေနှင့် တဖူးဖူး မှုတ်ရင်းကပြော၏။ နရီ သိလိုက်ပြီ ခရမ်းပြာ မကျေနပ်လို့ လုပ်တာဖြစ်ရမည်ဟု။

"ကင်းထိုးသလိုပဲ. . . လိပ်ပြာက အဆိပ်ရှိလားဟင်"

"မပြောတတ်ဘူး. . ဒီလိပ်ပြာက ခရမ်းရောင်ဆိုတော့အဆိပ်ရှိချင်ရှိမှာပေါ့"

"အင်း. . . ဟုတ်မယ်နော်၊ ရှားရှားပါးပါး ခရမ်းရောင်မို့လို့ အဆိပ်ရှိသလား မသိဘူးနော်၊ ဒါဆို အစ်ကို့ပခုံးလဲ ပူနေမှာပေါ့. . . မပူဘူးလား"

သူ ဘာပြန်ပြောရမှန်းမသိ။

အမှန်အတိုင်း ပြောရလျှင် သူ့ပခုံးများ ကျဉ်ခနဲနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝန်မခံချင်ပါ။

"အစ်ကိုတော့ ဘာမှမဖြစ်ပါဘူး"

ကောင်မလေးကို မြန်မြန်ပြန်စေချင်လှပြီ။

သူ့ပခုံးမှာလည်း ကျဉ်ခဲလာသည်မှာ မခံမရပ်နိုင်တော့သည်အထိ ဖြစ်လာသည်။ လိပ်ပြာကလေးမှာ ခုထိ ပျံမသွားသေး၊ သူ့ ကျောရိုးထဲထိ စိမ့်လာသလိုပင် ခံစားရသည်။

"အစ်ကို အပြင်သွားစရာ ရှိသေးတယ်"

ပြောရင်းက သူ ထ,ရပ်လိုက်သည်။

"အကို အဝတ်အစား လဲမလို့"

သူတို့အိမ်တွင် ယောကျ်ားလေးချည်းနေတာမို့ အခန်းဖွဲ့မထား။ ဖြူစင် သဘောပေါက်သလို ခိုးခိုးခစ်ခစ် ရယ်ကာ. .

"ဒါဆိုလည်း ဖြူစင်ပြန်တော့မယ်နော်. . "

ခေါင်းသာ ပြန်ညိတ်ပြလိုက်မိသည်။

သူမ ပြန်သွားတော့မှ. .

"မောင့်ပခုံးတွေ သိပ်ကျဉ်နေပြီ ခရမ်းပြာ. . ဖယ်ပေးပါဦး"

လိပ်ပြာလေး ချက်ချင်းပျံထွက်သွား၏။ ထို့နောက်. . နွမ်းလျစွာ နရီ ပုံလျက်သား လဲကျသွားလေတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုရေ. . ဒီနေ့ ဆိတ်ကလီစာဟင်း ချက်လာတယ်. . . ကြိုက်ရဲ့လား"

"အင်း. . . ကြိုက်ပါတယ်"

ခရမ်းပြာကို သတိရမိသည်။ ခရမ်းပြာက ဆိတ်ကလီစာဟင်းဆို အရမ်းကြိုက်သည်။ ခရမ်းပြာနှင့် ထမင်းလက်ဆုံ စားချင်စိတ်ပင် ပေါ်လာသည်။

"လာခါနီးလေ ရုပ်ပြစာအုပ်တစ်အုပ် ဖတ်လာတာ. . ကြောက်ဖို့လဲ ကောင်းတယ်၊ ရယ်ဖို့လည်း ကောင်းတယ်. . သိလား"

ဖြူစင် ဟင်းချိုင့်လှယ်ရင်းက စကားများနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီရုပ်ပြဇာတ်လမ်းထဲမှာလေ. . တစ္ဆေကို ဖမ်းပြီး မီးထဲပစ်ထည့်လိုက်တော့ ပုတ်သင်ညိုကြီး ဖြစ်သွားတယ်တဲ့၊ ဖြူစင်ဖြင့်လေ. . ရယ်လဲရယ်ချင် ကြောက်လဲကြောက်လိုက်တာ၊ အဲ့ဒါ တကယ်လားဟင် အစ်ကို"

"ဘယ်သိမှာလဲ. . "

နရီ တမင်ဘုဆတ်ဆတ် ပြောထည့်လိုက်သည်။

ဖြူစင်က မဖြုံ၊ စကားတွေ ဆက်များနေသေးသည်။

"ဖြူစင်ကလေ သရဲဆို တအားကြောက်တာ၊ နေ့လည် နေ့ခင်းတောင် အိမ်မှာတစ်ယောက်တည်း မနေရဲဘူး၊ တစ်ယောက်ထဲ အိမ်စောင့်ရရင် နောက်ကျောမလုံဘူး၊ အိမ်နားက ကလေးတွေ အဖော်ခေါ်ထားရတယ်၊ အစ်ကိုရော မကြောက်ဘူးလားဟင်"

"မကြောက်ပါဘူးဟာ"

"ခုနကဇာတ်လမ်း ဆက်ပြောရဦးမယ်. . "

"အကို နားမထောင်အားဘူး ဖြူစင်"

"ဟင်. . အစ်ကိုကလဲ၊ ဖြူစင်က ပြောပြချင်တဲ့ဟာကို"

သူမ နှုတ်ခမ်းစူကာ ခြေဆောင့်လေသည်။ 'တစ်စက်မှ ကြည့်မလှဘူး'ဟု စိတ်ထဲက ချီးမွမ်းပေးလိုက်သည်။

ခရမ်းပြာဆို နှုတ်ခမ်းပါးလေး စူချွန်ကာ မှဲ့စိတ် ကောက်လျှင်တော့ အင်မတန် အသည်းယားဖွယ် ကောင်းလှပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချစ်စနိုးဖြင့် နှုတ်ခမ်းချွန်ချွန်လေးကို လက်ညှိုးဖြင့် မနာအောင် ဖွဖွတောက်မိစမြဲ။ ဖြူစင်တို့ ထော်လုန်နေပုံမျိုးနှင့်မှား ဘာမှမဆိုင်။

"အဒေါ်ကလဲ ပြောတယ်. . သိလား၊ ရွာမှာဆိုရင်လေ ညနေဆို ကလေးတွေ ဆိတ်ကျောင်းနွားကျောင်း ပြန်လာရင်လေ. . ညောင်ပင်ပေါ်ကနေ ပုတ်သင်ညိုလို တောက်တဲ့လို အကောင်တွေက ခုန်ချပြီး ခြောက်တာတဲ့"

"အော်. . အေး"

"ရွာက ညောင်ပင်ကြီးတွေကလေ. . အကြီးကြီးတွေ သိလား၊ အဲ့ဒီညောင်ပင်ကြီးတွေပေါ်ကနေ ပုတ်သင်ညိုတို့ တောက်တဲ့တို့က ညနေစောင်းဆို နွားကျောင်းသားတွေရှေ့ တမင်ခုန်ချတာတဲ့"

"ပြုတ်ကျတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . အဒေါ်ပြောတော့ တမင်ခုန်ချတာတဲ့၊ ခုန်ချပြီးရင် မျက်စိရှေ့တင် တဖြည်းဖြည်း ကြီးလာလိုက်တာ ဖွတ်အရွယ်လောက် ဖြစ်သွားရောတဲ့၊ မျက်လုံးကြီးတွေဆိုတာ နီရဲနေတာပဲတဲ့၊ အခြောက်ခံရတဲ့ နွားကျောင်းသားတွေဆိုတာ လန့်ဖျားဖျားရောတဲ့"

"ဟုတ်လား"

"အံမယ်လေး. . ပြောရင်း ကြက်သီးတောင် ထလာပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်တို့ မောင်နှမတွေဆိုရင် အဲ့လိုပဲ. . သရဲတွေတစ္ဆေတွေအကြောင်းပြောပြီး ဘယ်သူမှ မအိပ်ရဲကြတော့ဘူး၊ ဖြူစင်က သရဲအကြောင်း နားထောင်ရတာရော ပြောရတာရော ဝါသနာပါတယ်၊ ပြီးရင်. . ကြောက်တာလဲ နှစ်ယောက်မရှိဘူး"

ကောင်မလေးက သူ့သတ္တိ သူ့ဘာသာ ဂုဏ်ပြန်ဖော်နေသည်။

"ရွာမှာဆို သရဲအကြောင်း သိပ်ကြားရတာ၊ ဦးထုပ်အနီဆောင်းထားတဲ့ မှင်စာလေးတွေအကြောင်းရော"

"ဘယ်လို. . . မှင်စာက ဦးထုပ်ဆောင်းတယ်"

နရီ အံ့ဩတကြီး မေးလိုက်မိသည်။

သူ တစ်ခါမှ မကြားဖူးဘူးလေ. . ။

"ဆောင်းတာပေါ့. . . သူ့အစွမ်းက ဦးထုပ်မှာ ရှိတာတဲ့၊ အဲ့ဒီဦးထုပ်ကို ရအောင်ယူနိုင်ရင် မှင်စာကို နိုင်တယ်တဲ့၊ ကြိုက်သလို ခိုင်းလို့ရတယ်တဲ့၊ ဘကြီးဖိုးနီဆီမှာဆို မှင်စာဦးထုပ်ရှိတယ်. ."

"မြင်ဖူးလို့လား. ."

"ဘယ်ပြမလဲ ဘကြီးဖိုးနီက. . ၊ ဒါပေမယ့် သူ စိတ်လိုလက်ရ ရှိရင်တော့ မှင်စာနဲ့သူနဲ့ ဘယ်လိုအစွမ်းပြိုင်ကြသလဲဆိုတာ ပြောပြတယ်၊ သိပ်နားထောင်လို့ ကောင်းတာပဲ"

"ဟုတ်လား. . . ပြောပြစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ ကောင်မလေးရဲ့စကားလေလျှင်ကြောမှာ မျောပါသွားတော့သည်။

"ဘကြီးဖိုးနီက ညဆို ငါးရှာဖားရှာပြီးမှ ပြန်လာတာလေ၊ အဲ့ဒါ ဝါးရုံပင်ပေါ်ကနေ မှင်စာတစ်ကောင်က တွဲလောင်းခိုပြီး ငါးတွဲကို ဖမ်းဆွဲတာတဲ့၊ လက်ကြီးတစ်ဖက်ထဲကပဲ ရှည်ပြီးကျလာတာတဲ့၊ အဲ့ဒါ ဘကြီးဖိုးနီကလဲ လုံးဝမလွှတ်ပေးဘူးဆိုပဲ"

"အဲ့ဒီဘကြီးဖိုးနီက သရဲကိုတွေ့တော့ မကြောက်ဘူးလား. ."

"ဘယ်ကြောက်မလဲ၊ ဘကြီးဖိုးနီက အဆောင်ကောင်းရှိတာကိုး"

"ဘာအဆောင်လဲ"

"ချည်မန်းကွင်းလေ ဘဘုန်းပေးထားတာတဲ့၊ ဘကြီးက သရဲလက်ကို ချည်မန်းကွင်းနဲ့ချည်ပြီး ဆောင့်ဆွဲချလိုက်တာ သရဲဝါးရုံပင်ပေါ်က ပြုတ်ကျလာရောတဲ့၊ 'ပူလွန်းလို့ပါ. . ဖြုတ်ပေးပါ. . ဖြုတ်ပေးပါ'လို့ တစာစာ အော်တော့တာပဲတဲ့၊ ဘကြီးကလဲ လုံးဝဖြုတ်မပေးဘူးတဲ့၊ ဖြုတ်ပေးရင် သူ့ကို အခဲမကျေဖြစ်ပြီး ဂုတ်ချိုးသတ်တော့မှာလေ"

"အဲ့ဒါနဲ့ ဘာဆက်ဖြစ်သွားလဲ"

"ချည်မန်းကွင်းက ပူလွန်းတော့ သရဲ မီးနဲ့ရှို့ခံရသလို တွန့်လိမ်ကောက်ကွေးပြီး သေသွားတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေ မီးသဂြိုဟ်သလိုပဲလား"

"ဘယ်ဟုတ်မလဲ . . သရဲကတော့ နာနာဘာဝဆိုတော့ ရုပ်ပြောင်းပြီး သေတာပေါ့"

"ရုပ်ပြောင်းပြီး သေတယ် ဟုတ်လား၊ သေပြီးမှ ရုပ်ပြောင်းသွားတာလား"

"အစ်ကိုကလဲလေ . . စစ်စစ်ပေါက်ပေါက်ကို မေးနေတော့တာပဲ၊ သရဲတွေ သေတယ်ဆိုတာ ရုပ်ပြောင်းသွားတာကို ပြောတာ၊ သရဲအဖြစ်ကနေ ပုတ်သင်ညိုတို့ တောက်တဲ့တို့ သင်းခွေချပ်တို့ ချက်ချင်းဖြစ်သွားတာတဲ့"

"အဲ့ဒီသရဲကရော ဘာဖြစ်သွားလဲ"

"အဲ့ဒီသရဲကတော့ ချည်မန်းကွင်း စွပ်လျက်သားနဲ့ ပုတ်သင်ညို ဖြစ်သွားတာတဲ့၊ ဦးထုပ်လေးပဲ ကျန်ခဲ့တယ်တဲ့"

"အဲ့ဒီပုတ်သင်ညိုကို ဘကြီးဖိုးနီက မသတ်ဘူးလား"

"မသတ်ရဘူး . . . အဲ့ဒီရုပ်ပြောင်းသွားတဲ့ အကောင်ကို သတ်လိုက်ရင် တစ္ဆေပြန်ဖြစ်သွားရော"

ဖြူစင်က လက်တကာကာနှင့် ရှင်းပြနေသည်။

"သရဲကျန်ခဲ့တဲ့ဦးထုပ်ကိုဆောင်းရင် ကိုယ်ပျောက်သွားရောတဲ့ ဘကြီးဖိုးနီက ပြောပြသေးတယ်၊ ဖြူစင်တို့က မြင်ဖူးချင်လို့ ဆောင်းပြပါဆိုတာ သွေးပျက်သွားမှာစိုးလို့ ဆောင်းမပြဘူးတဲ့ . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . အထူးအဆန်းတွေပါလား. . ."

"ကဲ. . ဖြူစင်လဲ ပြောရင်း ကြောက်လာပြီ၊ ပြန်တော့မယ်. . ပြန်တော့မယ်"

ဖြူစင် ချိုင့်တွေစီထပ်ကာ ဆွဲခြင်းထဲထည့်ဖို့ ပြင်သည်။

"အောင်မလေး"

"ဘာဖြစ်တာလဲ. . "

"ပုတ်သင်ညိုကြီး. . ပုတ်သင်ညိုကြီး ခြင်းထဲမှာ"

သူ ခြင်းထဲ ထိတ်လန့်တကြား ကြည့်လိုက်တော့ ညိုမှောင်နေသော ပုတ်သင်ညိုကြီးတစ်ကောင်။ ဖြူစင် ချိုင့်တွေ ခြင်းတွေ ထားပစ်ခဲ့ကာ ပြေးထွက်သွားတော့သည်။

ထိုစဉ် ပုတ်သင်ညိုက ခြင်းထဲမှ ခုန်ထွက်လာပြီး ကြမ်းပြင်ပေါ်မှာ လေးငါးပတ် ချာချာလည်နေသည်။

ပုတ်သင်ညို ထိုသို့လုပ်နေရာက ရုတ်ချည်း ပက်လက်လန်ကာ ငြိမ်သက်သွားတော့သည်။

ထို့နောက် ဖြည်းဖြည်းချင်း သေးငယ်သွားကာ ခရမ်းပြာရောင် လိပ်ပြာလေးတစ်ကောင် ဖြစ်သွားပြီး အဝေးသို့ ပျံသွားလေတော့သည်။

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com



•

ကောင်မလေးမှာ ကျီးကြည့်ကြောင်ကြည့်နှင့် . . အိမ်ထဲ ချက်ချင်းမဝင်ရဲသေး . . ။

"ဘာကြည့်နေတာလဲ ဖြူစင်"

"အိမ်ထဲဝင်ရမှာ လန့်နေသလိုပဲ"

"ဒါဖြင့်လည်း ဒီမှာပဲနေခဲ့လေ"

"တစ်ယောက်ထဲလည်း မနေခဲ့ရဲဘူး"

"ဒုက္ခပဲ"

ဖြူစင်က သူ့နောက်ကကပ်ပြီး ခပ်ကုတ်ကုတ် လိုက်လာသည်။ သူက ဆွဲခြင်းကို စားပွဲပေါ် အသာတင်ထားလိုက်ပြီး . .

"နေပူထဲက လာခဲ့ရတာ အအေးသောက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



နရီ ရေခဲသေတ္တာထဲမှ အအေးတစ်ဗူး ထုတ်ယူပေးလိုက်၏။

စကားများလွန်းသော ဖြူစင် ဒီနေ့တော့ ငြိမ်နေသည်။

"ပြောပါဦး. . . ရွာက အတွေ့အကြုံတွေ"

"တော်ပါပြီ အစ်ကိုရယ်၊ မပြောပါရစေနဲ့တော့"

ဖြူစင် ရင်ဘတ်ဖိထားရင်း. . ကျန်လက်တစ်ဖက်ဖြင့် အအေးဗူးကို လှမ်းပေးကာ . .

"ဖွင့်ပေးပါ အစ်ကို၊ ဖြူစင် လက်တွေတုန်နေလို့ ဖွင့်လို့ရမှာ မဟုတ်ဘူး"

နရီ အအေးဗူးကို လှမ်းယူလိုက်သောအခါ. .

"အား. ."

ဘယ်ကဘယ်လို ရောက်လာမှန်း မသိသော ကြောင်နက်ကြီးတစ်ကောင်က ဖြူစင့်လက်ကို ခုန်ကုတ်လိုက်သည်။

လက်ထဲမှ အအေးဗူးက ပြုတ်ကျသွား၏။

လက်မှလည်း သွေးများ ဝေါက်ခနဲ ပန်းထွက်လာသည်။

"အား. . . ကြောင်နက်ကြီး. . . ကြောင်နက်ကြီး"

သူမမှာ အကုတ်ခံလိုက်ရသောလက်ကို ကျန်လက်တစ်ဖက်ဖြင့် ဖိထားရင်း ကြောက်လန့်တကြား အော်နေသည်။

ကြောင်နက်ကြီး၏မျက်လုံးများမှာ စိမ်းနက်နေသည်။ ဖြူစင့်ကို စူးစူးဝါးဝါး စိုက်ကြည့်နေပုံမှာ ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



လှသည်။

"အစ်ကို့ . လုပ်ပါဦး ဖြူစင့်ကို ကြည့်နေတယ်၊ ကြောက်လိုက်တာ. . လုပ်ပါဦး"

ဖြူစင် အသားများ တဆတ်ဆတ်တုန်နေကာ. . သူ့နောက်မှာ လာကွယ်နေသည်။

ကြောင်နက်ကြီးမှာ စားပွဲပေါ် လွှားခနဲ ခုန်တက်ကာ ခြင်းတောင်းကို သူ့ကိုယ်လုံးဖြင့် တိုက်ချလိုက်လေသည်။

"ဂလုံး. . ဂလွမ်း. . "

ထမင်းချိုင့် လဲကျသွားကာ ဟင်းရည်များ ဖိတ်စဉ်သွား၏။

ကြောင်နက်ကြီး ပြတင်းပေါက်မှ ခုန်ထွက်ပျောက် ကွယ်သွားမှ ဖြူစင့်ကိုကြည့်မိသည် ဖြူဆုတ်နေသော မျက်နှာလေးနှင့် တောင့်တောင့်ကြီး ဖြစ်နေလေတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာ မျက်နှာမှာ ခက်ထန်နေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။

"ခရမ်းပြာ. . ဘာကို မကျေမနပ် ဖြစ်နေတာလဲ၊ မောင့်ကို ပြောပြပါဦး"

ခရမ်းပြာ ဘာမှပြန်မပြော။

"ပြောပါ ခရမ်းပြာ၊ ခရမ်းပြာ ပြောပြမှ မောင်သိမှာပေါ့"

ခရမ်းပြာ ဆတ်ခနဲ သူ့ဘက်လှည့်ကြည့်သည်။

"မောင် တကယ် မသိဘူးလား"

"မသိလို့ ခရမ်းပြာကို မေးနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာက သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ရင်း. . .

“မောင် ဟိုကောင်မလေးကို လိုအပ်တာထက် ပိုရောလွန်းနေတယ်”

“ဘယ်ကောင်မလေးလဲ. . ထမင်းဆိုင်က ဖြူစင့်ကို ပြောတာလား”

“ဟုတ်တယ်. . အဲ့တစ်ယောက် မောင့်ကို ကြိုက်နေတာ မသိဘူးလား”

“ကြိုက်နေတာ မဟုတ်ပါဘူး ခရမ်းပြာရယ်. . ၊ သူက ကလေးဆန်ဆန် နေတတ်တာပါ၊ မောင့်သာ မဟုတ်ဘူး ဘယ်သူ့မဆို သူအဲ့လိုပဲ ဆက်ဆံတတ်တယ်”

“မောင်နဲ့ အဲ့လို ရောရောနှောနှောနေတာ ခရမ်းပြာ မကြိုက်ဘူး”

ခရမ်းပြာ အရမ်းသဝန်တိုတတ်မှန်း သူသိသည်။ ချစ်သူတွေဘဝမှာ တခြားမိန်းကလေးတွေကို အမှတ်တမဲ့ ကြည့်မိတာတောင် ခရမ်းပြာ မကြိုက်။

“မကြိုက်ရင်လဲ မောင့်ကိုပြောပေါ့၊ အခုတော့ ခရမ်းပြာ လုပ်လိုက်တာက. .”

သူ စကားမဆက်ခင် ခရမ်းပြာက ဖြတ်ကာ ရန်တွေ့သည်။

“ဘာလဲ. . . မောင်က ဟိုကောင်မလေးဘက်က နာနေ



www.burmeseclassic.com

www.burmeseclassic.com



တာလား၊ ဒီထက်မကတောင် ခရမ်းပြာအကြောင်း ပြလိုက်ချင်တာ. . .”

သူ သက်ပြင်းရှိုက်လိုက်မိသည်။ ခရမ်းပြာ သူနှင့်ပတ်သက်လျှင် အကဲပိုတတ်သည်။ ချစ်လွန်းလို့ သဝန်တိုတာကို သူ အပြစ်မပြောရက်။

“မောင် ခရမ်းပြာကို အရမ်းချစ်တာ သိတယ်မို့လား မောင့်ကို မယုံဘူးလား၊ မောင် နယ်စပ်မှာ သွားအလုပ်လုပ်တာတောင် ခရမ်းပြာနောက်ကွယ်မှာ ပွေရှုပ်ခဲ့ဖူးလို့လား၊ မောင် ခရမ်းပြာတစ်ယောက်ထဲကို အသည်းနင့်အောင်ချစ်တာ သိရဲ့သားနဲ့”

ခရမ်းပြာက စိတ်အနည်းငယ် ပြေသွားသလို မျက်နှာကို လျှော့ချလိုက်သည်။ မျက်ဝန်းများမှာ ရီဝေမှုန်မှိုင်းလာပြီး. .

“ခရမ်းပြာ မောင့်ကို စိတ်မချဘူး၊ ခရမ်းပြာနဲ့ မောင်နဲ့က ဘဝချင်းမတူတော့ဘူး မဟုတ်လား”

“အဲ့ဒီစကား မပြောပါနဲ့ ခရမ်းပြာရယ်၊ ဘာပဲဖြစ်ဖြစ် မောင့်ရင်ထဲမှာ ခရမ်းပြာတစ်ယောက်တည်း ရှိတယ်၊ မောင့်အချစ်ကို ခရမ်းပြာ မယုံဘူးလား”

“ယုံချင်ပါတယ် မောင်ရယ်၊ ခရမ်းပြာ ကိုယ့်ဘဝကိုယ် အားငယ်တယ်”

ခရမ်းပြာအသံလေးမှာ ငိုသံစွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအားငယ်စရာရှိလဲ၊ ခရမ်းပြာအနားမှာ မောင် အမြဲရှိနေမှာပဲ"

"မောင်. . . ခရမ်းပြာအပေါ် သစ္စာရှိပါနော်"

"စိတ်ချပါ ခရမ်းပြာရယ်"

ခရမ်းပြာ သူ့အပေါ် အခုအချိန်ထိ သဝန်တိုတုန်းပါလား။ သူ လှိုက်ခနဲ ကြည်နူးသွားရသော်လည်း သက်ပြင်းမောကို ချလိုက်မိသည်။

နက်ဖြန်ကစပြီး ကိုယ့်ဘာသာပဲ ချက်စားတော့မည်ဟု သူရိန့်ကို ပြောရတော့မည်။

ဖြူစင်ဆိုသည့် ကောင်မလေးလဲ သူတို့အိမ်ကို နောက်ထပ် ထမင်းချိုင့် လာပို့ရဲတော့မှာမဟုတ်တာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

# သင်္ချိုင်းကြည့်ချင်တဲ့ကလေး

"ဒါ. . ငါ့တူလေးလေ. . ချစ်စရာ မကောင်းဘူးလား ကျောင်းပိတ်ရက် အလည်ခေါ်လာတာ၊ ငါတို့ အလုပ်သွားရင် မင်းတစ်ယောက်တည်း ကျန်ခဲ့တော့၊ မင်းအတွက် အပျင်းပြေ အဖော်ရတာပေါ့၊ တစ်ခုတော့ရှိတယ်. . ငါ့တူက မီးပွင့်အောင် ဆော့တယ်"

သူရိန် လက်ဆွဲထားသောကလေးကို သူ တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သူရိန်ပြောတဲ့အတိုင်း ကလေးက ချစ်စရာကောင်းပါသည်။ နားရွက်ကားကား မျက်လုံးရွဲရွဲလေးနှင့် . .

သူရိန် လက်ဆွဲထားသည့်ကြားက ခုန်ဆွခုန်ဆွ လုပ်နေသေးသည်။

"သားနာမည် ဘယ်လိုခေါ်လဲ"

"ဖွဲ့ ."

နာမည်မေးတာကို ရိုးရိုးတန်းတန်း မဖြေ။ မျက်လုံးများကို ပြူးပြရင်းက သူ့ကိုခြောက်လှန့်သလို လုပ်ပြရင်း ဖြေသည်။ အတော်မလွယ်မယ့်ကလေး. .။

"ဦး. . ဦး. . ရည်းစားက သရဲဖြစ်သွားတာဆို၊ သားကြည့်ချင်တယ်၊ သား. . သရဲကို တစ်ခါမှ မမြင်ဖူးလို့"

"ဟင်. . . သားကို ဘယ်သူပြောလဲ"

"ဦးအေးမင်း လမ်းမှာပြောပြတာ၊ သားကို ပြနော်"

သူ ဒေါသထွက်သွားသည်။ ခရမ်းပြာကို သရဲလို့ ပြောတာ မခံနိုင်ပါ။ သူရိန်က 'ရှူး'ခနဲ ဟန့်၏။

အေးမင်းကိုရော သူရိန်ခေါ်လာသော ကလေးကိုရော သူချဉ်သွားမိသည်။ သူရိန်ကတော့ သူ့တူကို အဆော့သက်သာအောင်. . မုန့်တစ်မျိုးပြီးတစ်မျိုး ကျွေးကာ ထိန်းထားသည်။ စားလည်း စားနိုင်တဲ့ကလေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

ကလေးဆီမှ အလန့်တကြား ထအော်သံ ကြားရလျှင် အားလုံး ကလေးဆီ လှည့်ကြည့်လိုက်ကြသည်။

"ဘာဖြစ်တာလဲ သား"

"သားလက်ကို ပုတ်ချတယ်"

ကလေးမှာ မျက်လုံးအဝိုင်းသားနှင့် အတော်ကြောက်နေပုံပင်။

"ဘယ်လို. . ."

"သား မုန့်စားနေတာ သားလက်ကို လက်အေးအေးကြီးက ပုတ်ချတယ်"

"မဟုတ်တာ. . သားနားမှာ ဘယ်သူမှ မရှိတာပဲ၊ အဲ့ဒီလက်ကို သားမြင်ရလို့လား"

"မမြင်ရဘူး. . ဒါပေမယ့် သားသိတယ်၊ လက်အေးကြီး"

ကလေးက သူရိန်နှင့် အပြန်အလှန် စကားပြောရင်းက ငိုသံပါလာသည်။

သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

"မှောင်တော့မှာကိုးကွ. . ဒီလိုအချိန်မျိုး အစား,စားတာ မကောင်းဘူး၊ လာ. . သား အိမ်ထဲဝင်တော့၊ ဘာမှမဟုတ်ဘူး ခကြောက်နဲ့၊ ယောကျ်ားဆိုတာ မကြောက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



အာကာက ကလေးကို အားပေးရင်း အိမ်ထဲခေါ်သွားသည်။ အေးမင်းက သူ့ကို ဆတ်ခနဲ တစ်ချက်လှည့်ကြည့်သည်။ အေးမင်းအကြည့်မှာ အဓိပ္ပါယ်ပါနေသည်။

ဌ ဌ ဌ ဌ

www.burmeseclassic.com

www.burmeseclassic.com



"အား. . ကြောက်တယ်၊ သား မကြည့်ချင်တော့ပါဘူး၊ မပြပါနဲ့. . မကြည့်ချင်တော့ပါဘူး၊ အား. . ကြောက်တယ် ကြောက်တယ်. . "

ကြောက်လန့်တကြား အော်သံကြောင့် သူတို့အားလုံး ဝရုန်းသုန်းကားထကာ ကလေးနား ရောက်လာကြသည်။

"ဖွဲ့ . . ဖွဲ့ . . ဘာဖြစ်တာလဲ"

ကလေးကို အတင်းဝိုင်းလှုပ်နှိုးကြသည်။

ကလေးခမျာ ဘယ်ညာလွန့်လူးကာ ကယောင်ချောက်ချား အော်ဟစ်နေဆဲ. . . ။

ပါးပြင်မှာ မျက်ရည်တွေနှင့် တစ်ကိုယ်လုံး ချွေးစို့နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကလေးက နိုးတာနှင့် ကုန်းရုန်းထကာ သူ့ရှိန့်ကို တင်းကျပ်နေအောင် ဖက်ထား၏။

“သားကြောက်တယ် ဦးဦး၊ သားကြောက်တယ်”

“မကြောက်နဲ့သား . . ဦးတို့ရှိတယ်၊ မကြောက်နဲ့ . . ဘာမှမဟုတ်တော့ဘူး”

“သား . . သား . . အန်တီတစ်ယောက်ကို တွေ့တယ်၊ အဲ့ဒီအန်တီက ကြည့်နေရင်းက လျှာအရှည်ကြီး ထုတ်ပြတယ်၊ သား ကြောက်လိုက်တာ . . အဟီး”

“မဟုတ်ဘူး . . မဟုတ်ဘူး . . သား လျှောက်မပြောနဲ့၊ ဒီအိမ်မှာ ဘာမှမရှိဘူး”

“သား တကယ်တွေ့ရတာ . . ၊ သရဲမကြီးက ပြောသေးတယ် ‘နင်ပဲ ငါ့ကို ကြည့်ချင်တယ်ဆို’တဲ့၊ ‘နင် ကြည့်ချင်လို့ ငါ လာပြတာ’တဲ့၊ ဦးဦးနရီ . . သား အဲ့ဒီသရဲမကြီးကို မကြည့်ချင်တော့ပါဘူး၊ သားကို လာမပြခိုင်းပါနဲ့တော့လို့ ပြောပေးပါနော်၊ ဟီး . . ဟီး . . ဟီး”

ကလေးက ငိုရှိုက်သံ ဗလုံးဗထွေးနှင့် ပြောနေရင်းကနေ ကြောက်လန့်တကြား ငိုချလေတော့သည်။

ငိုနေရင်းကနေ ကလေးက တစုံတရာကို သတိရလိုက်သလို သူ့ခေါင်းရင်းဘက်ဆီ ဖျတ်ခနဲ လှည့်ကြည့်ရင်းက . . .

“အဲ့ဒီဓါတ်ပုံထဲက အန်တီပေါ့၊ သားကြည့်နေရင်းကနေ



www.burmeseclassic.com

www.burmeseclassic.com



သရဲမကြီး ဖြစ်သွားတာ၊ ကြောက်တယ်. . သား ကြောက်တယ်၊ သားကို ခုချက်ချင်း အိမ်ပြန်ပို့ပေး၊ သား မနေရဲဘူး. . ကြောက်တယ်၊ ဟီး. . . ဟီး. . . ဟီး"

ကလေးမှာ သူရိန့်ရင်ခွင်မှာ မျက်စိကိုစုံမှိတ်ရင်း. . ကြောက်တယ်ဟု တွင်တွင်ပြောနေတော့သည်။

"ကဲ. . ကလေးက သိပ်ကြောက်နေပြီ၊ အဲဒီဓါတ်ပုံကို ခွာထားလိုက်တော့ကွာ နရီ"

တေဇာက ကလေးကို မကြည့်ရက်သလို ပြောသည်။ သူ ဘာလုပ်ရမှန်းမသိ။ ခရမ်းပြာရဲ့ အပြစ်မဲ့သော ဓါတ်ပုံကလေးကို မခွာရက်။ မခွာပြန်ရင်လည်း အားလုံးက ဝိုင်းအပြစ်တင်တော့မည်။

သူ့အဖြစ်ကိုနားလည်သော တေဇာက. . .

"ငါဖြုတ်လိုက်မယ်နော်"

ဆိုကာ ခြေမြန်လက်မြန်နှင့် ဖြုတ်ချကာ သူ့အိပ်ယာအောက် ထိုးထည့်လိုက်လေတော့သည်။

"သား မငိုနဲ့တော့. . တိတ်တိတ်၊ အဲ့ဒီသရဲမကို. . ဦးမောင်းထုတ်နိုင်တယ် ဘာမှမကြောက်နဲ့"

အာကာက ကလေးကို ဝင်ချော့ရင်း ဘုရားထရှိခိုးသည်။ ရှိခိုးပြီးတာနှင့် ဘုရားသောက်တော်ရေချမ်းကို စွန့်ကာ ကလေးခေါင်းကို သပ်ချပေးသည်။ တိုက်လည်းတိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလှစွာပင် ဘုရားသောက်တော်ရေသောက်ပြီးတာနှင့် ကလေးအိပ်ယာထဲမှ လက်သည်းခွံသာသာ လိပ်ပြာကလေး ထပျံသွားတာ တွေ့ရသည်။

အားလုံး အံ့ဩချောက်ချားကာ လိုက်ကြည့်သော်လည်း လိပ်ပြာက မျက်စိရှေ့မှာတင် ပျောက်သွားသည်။

"လိပ်ပြာက ခရမ်းပြာရောင်နော်. . ၊ ငါ အဲ့ဒီအရောင်လိပ်ပြာမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

"သေးသေးလေးပေမယ့် ကြောက်စရာကြီးကွ၊ အဲ့ဒီလိပ်ပြာကို မြင်လိုက်ရတာ ငါ ကျောတောင် စိမ့်တယ်"

"ဟုတ်တယ်. . ငါလဲ ကြက်သီးထသွားတယ်"

"တော်ကြတော့. . မပြောကြနဲ့တော့"

အာကာက ကလေးထပ်လန့်မှာစိုးသလို မျက်ရိပ်မျက်ကဲပြကာ ဟန့်သည်။ တစ်ယောက်တစ်ပေါက် တီးတိုးသံတွေ တိတ်သွားပြီး မကြာခင်မှာပင် ကလေးက နှစ်ခြိုက်စွာ ပြန်အိပ်ပျော်သွားသည်။

အားလုံးကတော့ ပြဿနာကို အလေးအနက် အဖြေရှာသလို ငြိမ်သက်နေကြကာ ကလေးနားထိုင်စောင့်ရင်း ငုတ်တုတ်မိုးလင်းခဲ့ရတော့သည်။

သူကတော့ တစ်ညလုံး သက်ပြင်းသာ အခါခါ ရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမသိနားမလည်တဲ့ကလေးက ကြည့်ချင်တယ် ပြောပေမယ့်လည်း မင်းမပြသင့်ပါဘူး ခရမ်းပြာရယ်' လို့သာ သူ့စိတ်ထဲက ခရမ်းပြာကို တောင်းပန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

## စားချင်တာက အမဲသားစိမ်း

"ခရမ်းပြာ တမင်လုပ်တာ မဟုတ်ပါဘူး မောင်ရယ်၊ တလေးဆိုတာ လိပ်ပြာငယ်လို့ပါ"

နရီ ခရမ်းပြာကို မကြည့်ဘဲ မျက်နှာလွှဲထားမိသည်။

"မောင် အခုတော့ ခရမ်းပြာကို ကြောက်နေပြီပေါ့. . ၊ မောင်ပြောတော့ ခရမ်းပြာနဲ့ အတူတူနေချင်တယ်. . မခွဲနိုင်ဘူး ဆို၊ ပြောပါဦး. . "



www.burmeseclassic.com

www.burmeseclassic.com



"မောင် တစ်ခါမှ မကြုံဖူးပဲ ခရမ်းပြာရယ်"

"ကဲပါ . . ကဲပါ . . မကြောက်ပါနဲ့၊ မျက်နှာလဲ လွှဲမထားပါနဲ့၊ ခရမ်းပြာရဲ့ လက်ရှိရုပ်ကို မမြင်ရစေရတော့ပါဘူး၊ ခရမ်းပြာ ပင်ပန်းဆင်းရဲခံပြီး လူ့ဘဝက ရုပ်အတိုင်းပဲ ဖန်ဆင်းပြီး မောင့်နားနေပါ့မယ်"

သူ မယုံရဲရဲဖြင့် မျက်နှာဖြည်းဖြည်းချင်းလှည့်ကာ ခရမ်းပြာဘက် မျက်လုံးစွေကြည့်သည်။

တော်ပါသေးရဲ့ . . တကယ်ပဲ လူ့ဘဝက ရုပ်အနေနှင့်ပဲ ဖြစ်သည်။

"ကလေးလက်ထဲက မုန့်ကိုပုတ်ချတာ ခရမ်းပြာလား"

"ခရမ်းပြာ ဗိုက်ဆာလွန်းလို့ပါ မောင်ရယ်၊ ခရမ်းပြာ ဘာမှမစားရတာ ဘယ်လောက်ကြာပြီလဲ၊ မောင်က ကိုယ်ချင်းမစာဘူး"

သူအံ့သြသွားသည်။

"မောင် . . မောင် ကိုယ်ချင်းမစာလို့ မဟုတ်ပါဘူး . .၊ မောင် တကယ်မသိလို့ပါ၊ ခရမ်းပြာကို ထမင်း ဘယ်လိုကျွေးရမှာလဲဟင် . . ဘယ်မှာကျွေးရမှာလဲ၊ မောင့်ကိုပြောပြ . . မောင်ကျွေးပါ့မယ်"

"ညနေ(၆)နာရီကျော်မှ ခရမ်းပြာတို့က အစာစားလို့ရတာ၊ ခြံနောက်က သဘော်ပင်ကြီးအောက်မှာ လာကျွေးနော်"



www.burmeseclassic.com

www.burmeseclassic.com



နရီ အသေအချာ မှတ်ထားလိုက်သည်။

"ကျွေးပါ့မယ် ခရမ်းပြာ၊ မောင် နေ့တိုင်းကျွေးပါ့မယ်၊ မောင် တကယ်မသိခဲ့လို့ပါ"

ခရမ်းပြာမျက်နှာက မတတ်သာသည့်အဆုံးမို့ ဖွင့်ပြော ရသည့်ပုံစံ။ သူ သနားသွားမိသည်။

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ အစာမစားရလို့ ခရမ်း ပြာရဲ့အူတွေတောင် ခြောက်ကပ်နေပြီ"

ခရမ်းပြာဘဝကို သနားစိတ်ဖြင့် သူ့ရင်ထဲ နာကျင်သွား ရသည်။

ညနေရောက်တော့ ခရမ်းပြာကို ဒီအတိုင်း သွားကျွေး လျှင် ဟိုကောင်တွေ ရိပ်မိသွားမည်။ မဖြစ်။ ဉာဏ်ထုတ်ရသည်။

အမှိုက်ပုံးတစ်ခုကိုဝယ်သည်။ ခရမ်းပြာကို ပုံးအဟောင်း နှင့် မကျွေးရက်. .၊ ပန်းကန်အကောင်းဖြင့် ကျွေးပါကလည်း ဟိုကောင်တွေ ရိပ်မိမှာ သေချာသည်။

သူတို့အိမ်မှာ ယောကျ်ားလေးတွေချည်းမို့ ဘုရားဆွမ်း တော်ကိုသာ ကပ်ကြသော်လည်း စွန့်ချိန်မမှန်ကြ။

ကြုံသည့်လူက ကြုံသည့်အချိန် စွန့်တတ်ကြသည်။

သူက သတိထားကာ ညနေစောင်းမှ တမင်စွန့်ပြီး ခရမ်း ပြာ ပြောသည့်အတိုင်း. . ခြံနောက်မှ သဘော်ပင်အောက်မှာ အမှိုက်ပုံးထားကာ သွားထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ခွေးများ၊ ကြောင်များ မရှိတာ တော်သေးသည်။ နို့မို့ဆို ခရမ်းပြာ မစားလိုက်ရမှာစိုးသည်။

ခရမ်းပြာက အစားကို နည်းနည်းနှင့် ကောင်းကောင်း စားတတ်သူ။ ခုလိုကျွေးရတာ သူ့စိတ်ထဲမကောင်း။

ဘုရားဆွမ်းတော်များကို အမိုက်ပုံးထဲ သူထည့်လိုက် ချိန်မှာ ခရမ်းပြာမှာထားသလို ခြောက်နာရီကျော် နေဝင်ဖျိုးဖျ။

သူ ထည့်လိုက်ချိန်မှာ အမှိုက်ပုံးတစ်ခုလုံး မလိုအပ်ဘဲ လှုပ်ယမ်းသွားသည်ကို တွေ့လိုက်ရသည်။

သူ့ကျောရိုးများထဲ စိမ့်တက်လာကာ အိမ်ထဲမြန်မြန် ဝင်လာခဲ့မိသည်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာက ငိုလို့ချည်းနေသည်။

“ရက်စက်လိုက်တာ မောင်ရယ်. .”

“မောင်ဘာလုပ်မိလို့လဲ ပြောပါဦး”

ခရမ်းပြာက ဝမ်းနည်းပမ်းနည်း ရှိုက်ငိုနေသည်။

အရင်လို ခရမ်းပြာပခုံးများကို ဖက်ပွေ့နှစ်သိမ့်ကာ ချော့မြှူချင်သော်လည်း ခရမ်းပြာအသားကို သူမထိရဲ။

“ကျွေးစရာရှားလို့ ဆွမ်းတော်စွန့်ကိုမှ ကျွေးရသလား မောင်ရယ်”

“ဘာဖြစ်လို့လဲ ခရမ်းပြာ၊ ဆွမ်းတော်စွန့်ကျွေးတာ ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဆွမ်းတော်စွန့်ကို ခရမ်းပြာ ဘယ်လိုလုပ် စားလို့ရမှာလဲ၊ လက်လှမ်းတာနဲ့ ခရမ်းပြာလက်ကို မီးစွဲလို့ လှမ်းလို့ကိုမရဘူး"

ခရမ်းပြာက လက်ကလေးကို ပြသည်။

လက်မှာ မီးလောင်ဖုမျာဖြင့် နီရဲနေ၏။

"ဘုရား တရား သံဃာနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ၊ အသုံးအဆောင်တွေဟာ ခရမ်းပြာတို့အတွက် အရမ်းကို ပူလောင်တယ်၊ ဟိုတစ်ခါ မောင့်သူငယ်ချင်းအာကာ ကလေးကို ဘုရားသောက်တော်ရေ စွန့်ပြီး ခေါင်းကိုသပ်ချပေးတော့ ရေတစ်စက် ခရမ်းပြာပေါ် ကျလာတာ၊ ခရမ်းပြာ ပူပြင်းလွန်းလို့ ချက်ချင်း ပြေးရတယ်လေ၊ မောင် မမှတ်မိဘူးလား"

သူ မှတ်မိပါသည်။

အဲ့ဒီတုန်းက ကလေးအိပ်ယာထဲက လိပ်ပြာတစ်ကောင် ထပျံသွားတာ သူ့သူငယ်ချင်းတွေပါ အားလုံးမြင်ရတာပင်။

"နောက်ကို ခရမ်းပြာကိုကျွေးရင် ဘုရားဆွမ်းတော်စွန့်တို့ ဘုန်းကြီးပွဲတို့ မကျွေးပါနဲ့ မောင်ရယ်၊ မောင်တို့ စားကြွင်းစားကျန်တွေပဲ ကျွေးပါ"

သူ မျက်ရည်တို့ စို့တက်သွားရသည်။

"မဟုတ်တာ ခရမ်းပြာရယ်. .၊ မောင် နောက်ကို ဆွမ်းတော်စွန့်လဲ မကျွေးတော့ပါဘူး၊ မောင်တို့ စားကြွင်းစားကျန်လဲ မကျွေးပါဘူး၊ ဟိုကောင်တွေ ရိပ်မိမှာစိုးလို့ အမှိုက်ပုံးထဲ သွန်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ကျွေးရတာတောင် မောင့်ရင်ထဲ မချိပါဘူး၊ ကဲ. . ပြော၊ နက်ဖြန် ခရမ်းပြာ ဘာစားချင်လဲ. . ပြော၊ မောင်ကိုယ်တိုင် သေချာချက်ကျွေးမယ်"

"ခရမ်းပြာ စားချင်တာလား"

ခရမ်းပြာက ပြောင်သလို နောက်သလို နှုတ်ခမ်းကို လှာ ဖြင့် သပ်ပြရင်း မေးသည်။

"ပြော. . ခရမ်းပြာ စားချင်တာပြော"

"ခရမ်းပြာ စားချင်တာက. . "

ပြောရင်းက ခရမ်းပြာအသံက အက်ကွဲကွဲ ဖြစ်လာကာ ရုတ်ချည်းပြောင်းသွားသည်။

"အမဲသားစိမ်း"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

# လက်တစ်ဖက်တည်း ရှည်ထွက်လာတဲ့သရဲ

ခရမ်းပြာနှင့်ပတ်သက်ပြီး သူ့ဘက်ကဘယ်လောက်ပဲ ဖုံးကွယ်ထားသော်လည်း သူငယ်ချင်းများက တစ်စထက်တစ်စ ရိပ်မိဖို့ ဖြစ်လာခဲ့သည်။ ပထမပိုင်းမှာ တစ်စွန်းတစ်စသာ ရိပ်မိခဲ့ကြသော်လည်း နောက်ပိုင်းတွင် အသေအချာ သိလာကြတော့သည်။

www.burmeseclassic.com



ပထမဆုံး အဖြစ်အပျက်မှာ အေးမင်းရဲ့ညဘက် အိပ်နေရင်း ယောင်ကာ လမ်းထလျှောက်တတ်သောအကျင့်မှ စသိခဲ့တာ ဖြစ်သည်။

အားလုံး အသီးသီး အိပ်မောကျနေကြချိန် အိမ်နောက်ဘက်ဆီမှ 'အား'ခနဲ အသံနက်ကြီး ကြားလိုက်ရလျှင် အားလုံး ကြောက်လန့်တကြား နိုးလာကြသည်။

မီးအမြန်ထဖွင့်ကာ နောက်ဘက်ဆီ အပြေးအလွှားသွားကြည့်ကြလျှင် အိမ်နောက်ဖေးတွင် လဲကျနေသော အေးမင်းကို တွေ့ကြရသည်။ အေးမင်း တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည်။

မျက်လုံးများမှာ ချာချာလည်ကာ သတိလွတ်ကင်းနေတဲ့လူတစ်ယောက်လို ဖြစ်နေသည်။ သူတို့ အေးမင်းကို အမြန်ဆွဲထူလိုက်ကြသည်။

အေးမင်းမှာ လမ်းတောင်မလျှောက်နိုင်တော့. .

သူနှင့် တေဇာက ချိုင်းမှမ,ကာ ဆွဲခေါ်လာခဲ့ရသည်။

အိပ်ယာထဲရောက်သည်အထိ အေးမင်းက စိတ်နှင့်ကိုယ် ကပ်မရသေးသလို အသက်ပြင်းပြင်းရှူနေဆဲ. .

"အေးမင်း. . အေးမင်း. . သတိထားဦးလေကွာ၊ ဘာဖြစ်တာလဲ ပြောစမ်း"

တေဇာက အေးမင်းကို သတိပြန်ဝင်လာအောင် မေးရိုး



www.burmeseclassic.com

www.burmeseclassic.com



စပ်များကို ခပ်ဆဆ ရိုက်ရင်းမေးသည်။

"သရဲ. . သရဲ. ."

အေးမင်း တွေ့ရာမြင်ရာ လက်ညှိုးလျှောက်ထိုးပြီး ပြောနေသည်။

"မင်း သရဲတွေ့ခဲ့လို့လား"

အေးမင်း ကမူးရှူးထိုး ခေါင်းညိတ်ပြသည်။

"သဘော်ပင်အောက်မှာ သရဲမ. . သရဲမ. .၊ အသားတုံးကြီး ကိုက်စားနေတာ"

"ဟုတ်လို့လားကွာ. . မင်း အိပ်ချင်မူးတူးနဲ့ လျှောက်ပြောနေတာလား"

"တကယ်. . တကယ်တွေ့ခဲ့တာ၊ ငါ. . ငါက အိပ်မက်ထဲမှာ နောက်ဖေးကို တံခါးဖွင့်ထွက်မလို့"

အေးမင်းက ညဆို မကြာခဏ ယောင်ပြီး တံခါးဖွင့်ကာ ခြံထဲ ဆင်းတတ်လေ့ရှိသည်။

"သရဲမကိုတွေ့တော့. . ငါက အိပ်မက်,မက်နေတယ်ပဲ ထင်တာ၊ နောက်မှ လန့်ပြီး တကယ်မြင်နေရမှန်းသိတာ၊ အသားတုံးကြီးကို ကိုက်စားနေလိုက်တာ ကြောက်စရာကြီး၊ ငါကြောက်လွန်းလို့ လှုပ်လို့ကိုမရဘူး၊ ထွက်ပြေးမလို့ ကြိုးစားတာ. . ခြေထောက်တွေက လှုပ်မရတော့ဘူး၊ ပြီးတော့ ငါ့ဘက်လှည့်ကြည့်တယ်၊ အစွယ်တွေက ချွန်ထက်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း အေးမင်းခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက် တုန်သွားသည်။ သူတို့အားလုံး တစ္ဆေဇာတ်လမ်းများ နားထောင်ဖူးသော်လည်း ခုလို ကိုယ်တွေ့အဖြစ်မှန်ကို မကြားဖူးခဲ့တာကြောင့် ကြောက်စိတ်များ ပြည့်နှက်လို့နေသည်။

"သရဲမ ငုတ်တုတ်ထိုင်စားနေရင်းက လက်တစ်ဘက်ကို ဆီ လှမ်းလာတယ်၊ ကြည့်ရင်းကြည့်ရင်း ရှည်ထွက်လာလိုက်တာ ဝါးတပြန်စာလောက် ရှိတယ်၊ ငါ့အနားရောက်ဖို့ သီသီလေးပဲ လိုတော့တယ်၊ ငါလဲ ဘယ်လိုမှ လှုပ်လို့မရတဲ့အဆုံး အားကုန် အော်ထည့်လိုက်တာ"

"မင်းတကယ်ပြောနေတာလား အေးမင်း"

"တကယ်ပါကွာ. . . ငါ့တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ သရဲအခြောက်မခံရဖူးဘူး၊ ငါကနဂိုကတည်းက သရဲအကြောင်း ကြားတွေးပြီး ကြောက်တတ်တာ၊ အခု တကယ်တွေ့လိုက်ရတော့. . . သေမလောက်ပဲ"

"ငါတို့ ဒီမှာနေလာတာ ကြာပြီ၊ တစ်ခါမှ သရဲခြောက်တာ မခံရဖူးပါဘူး၊ အခုမှ ဘယ်လိုဖြစ်တာလဲ"

နရီ အပြစ်မကင်းသလို မလုံမလဲ ခံစားရသည်။

ခရမ်းပြာကို သူနှင့်အတူ နေခိုင်းမိတာကိုက မှားနေပြီလား။ ဘယ်သူ့ကိုမှ အနှောင့်အယှက်ဖြစ်ဖို့ မရည်ရွယ်သော်လည်း အခုတော့ အကြီးအကျယ် ထိတ်လန့်စရာ ဖြစ်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာ အမဲသားအစိမ်း စားချင်သည်ဆို၍ အမှိုက်ပုံး ထဲ အမဲသားအစိမ်းကို ညနေစောင်းက သူကိုယ်တိုင်သွားထည့် ပေးခဲ့တာ ဖြစ်သည်။

အေးမင်းပြောတာနှင့် ထပ်တူကျနေလေရာ အေးမင်း တွေ့လိုက်ရသော နာနာဘာဝမှာ ခရမ်းပြာပဲဆိုတာ သေချာပါ သည်။ အေးမင်းခမျာ ဘယ်လောက်တောင် သွေးပျက်ရှာမလဲ ဆိုတာ သူစာနာမိသည်။

"ရုပ်ရှင်တွေထဲမှာ မြင်ဖူးတာထက် အများကြီးကြောက် စရာကောင်းတယ်၊ တော်ပြီ. . ငါတော့ ဒီမှာဆက်မနေရဲတော့ ဘူး၊ မိုးလင်းတာနဲ့ တခြားကိုပြောင်းမယ်၊ နောက်တစ်ခါသာ အခြောက်ခံရရင် နေရာမှာတင် အသက်ထွက်သွားနိုင်တယ်"

"အေးပါကွာ. . . ဒီလောက်ကြီးလဲ ကြောက်မနေပါနဲ့၊ ငါတို့လဲ ရှိသားပဲ"

"ဒီညတော့ မင်းတို့ ငါ့နားမှာ နေပေးပါနော်. . ၊ ငါတစ် ယောက်ထဲ မအိပ်ရဲဘူး"

"ဘယ်သူမှလည်း ပြန်အိပ်လို့ရတော့မှာ မဟုတ်ပါဘူး ကွာ"

သူရိန်နှင့် အာကာက အေးမင်းကို အကြောက်ပြေစေ ရန် နှစ်သိမ့်ပေးနေစဉ် မိုးဦးက ဝင်နှောက်လေသည်။

"ဘာမှမကြောက်နဲ့ သူငယ်ချင်း. . ၊ အဲ့ဒီသရဲမလာရင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်မခြောက်ရဲအောင် ငါဖက်နမ်းပစ်လိုက်မယ်. . ဟား ဟား. . ဟား. . ၊ သရဲမ တစ်ခါတည်း လန့်ပြီးထွက်ပြေးသွားစေရမယ်”

သူ မိုးဦးကို ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။ မိုးဦးကတော့ မမြင်. . ။

စိတ်ထဲက ဆွဲထိုးလိုက်ချင်သော်လည်း. . သူ့ဒေါသကို သိမ်းထားရသည်။ သူ့အဖြစ်က လူသိခံလို့မဖြစ်. . ။

ဒီကောင် မိုးဦး ခရမ်းပြာအကြောင်းကို မသိသေးလို့သာ နောက်ရဲတာပင်။

နရီ ဒေါသကြားက လှောင်ပြုံးပြုံးလိုက်သည်။

ဋ ဋ ဋ ဋ



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

# ပါးရိုက်တဲ့ သရဲမ

အခါချိန်က ကိုးနာရီခန့်သာ ရှိသေးသော်လည်း မိုးက သည်းသည်းထန်ထန် ရွာသွန်းနေတာကြောင့် ညဉ့်အတော်နက် နေပြီ ထင်ရသည်။

မိုးနှင့်အပြိုင် လေကလည်းပါတာမို့ တဝုန်းဝုန်း တဒိုင်း ဒိုင်းနှင့် ဆူညံနေသည်။ လမ်းပေါ်မှာလည်း လမ်းသွားလမ်းလာ မရှိတော့. . ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ပိန်းပိတ်အောင် မှောင်မိုက်နေကာ. . သစ်ပင်ကြီးတွေ လှုပ်ခါနေပုံက မိစ္ဆာကောင်ကြီးတွေ ခြောက်လှန့်နေသလို. . ။

မိုးသည်းနေတာကြောင့် ဘယ်သူမှ အပြင်မထွက်ဖြစ်ကြ. . ။ တခြားအကြောင်းတစ်ခုလည်း ရှိသေး၏။

ဒီနေ့ တေဇာ အလုပ်တစ်ခု မြိုးမြိုးမြက်မြက်လေး အဆင်ပြေလာတာကြောင့် ဝီစကီနှစ်လုံးနှင့် ဘဲကင်တစ်ကောင် ဆွဲလာခြင်းကြောင့်လည်း ဖြစ်သည်။ တေဇာက ဝီစကီသမား။

"ကဲ. . ရာသီဥတုလေးကတော့ ကျွန်တော်တို့ယမကာလုလင်တွေ အကြိုက်ပေါ့ခင်ဗျာ၊ မိုးအေးအေးမှာ သွေးပူလေ့ကျင့်ခန်း စ,လိုက်ရအောင်"

ထမင်းစားပြီးတာနှင့် သူတို့အားလုံး သွက်လက်စွာ ဝိုင်းပြင်ကြသည်။ အမြဲတမ်းမသောက်ရမနေနိုင် အရက်သမားတွေ မဟုတ်ကြပေမယ့် တစ်ခါတစ်ရံတော့ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့သောက်တတ်လေ့ ရှိကြသည်။

အရက်ကလေး နည်းနည်းဝင်သွားတော့ သူတို့အားလုံး တဟီးဟီး တဟားဟားနှင့် ရောက်တတ်ရာရာတွေ ပြောကာ စိုပြည်ဆူညံလာတော့သည်။

သူတို့ထဲမှာ မိုးဦးကတော့ သိပ်မသောက်နိုင်။

နည်းနည်းသောက်ပြီး များများမူးတတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော်ပြီကွာ ရေချိန်ကိုက်သွားပြီ. . အိပ်တော့မယ်၊ အိပ်မက်ထဲ သရဲမလာရင် ကြုံးဖက်ပြီး အားရပါးရ နမ်းပစ်လိုက်မယ်"

"ဟော့ကောင်. . . ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ ဟိုက အရင်နမ်းလိုက်လို့ ပြေးပေါက်မှားနေဦးမယ်"

မိုးဦးက ယိုင်ထိုးယိုင်ထိုးနှင့် အိပ်ယာထဲ ဝင်သွားပြီ. . ။

"ပေါက်ပန်းဈေး အတော်ပြောတဲ့ကောင်. . ၊ ဘာမဆို ဟာသလုပ်ဖို့ပဲ စဉ်းစားနေတာပဲ"

သူရိန် မှတ်ချက်ချသည်။

"အကျီစားသန်ရင် ရန်များတတ်တယ်၊ အဲ့ဒါ ဒီကောင် သတိထားဖို့ လိုတယ်"

ခဏကြာတော့ သူတို့တတွေ မိုးဦးကို မေ့သွားသည်၊

ထွေရာလေးပါး လျှောက်ပြောကာ တအုန်းအုန်းရယ်ပြီး ပွဲကျနေဆဲ 'တောက်'ခေါက်သံ အကျယ်ကြီးကြားလိုက်ရတာ ကြောင့် အားလုံးငြိမ်ကျသွား၏။

"ဘယ်ကောင်လဲကွ. . ငါ့ပါးကို ရိုက်သွားတာ"

မိုးဦးက ပါးတစ်ဘက်ကို လက်ဖြင့်အုပ်ကာ ငုတ်တုတ် ထထိုင်လိုက်ရင်း သူတို့ရှိရာဆီ စူးစူးဝါးဝါး စိုက်ကြည့်နေ၏။

"မင်းတို့ ယောက်ျားမဟုတ်ဘူးလား. . ၊ မိုက်ရင် တစ် ယောက်ချင်း ယှဉ်ထိုးပါလားကွ၊ အိပ်ပျော်နေတဲ့အချိန် ပါးလာ

www.burmeseclassic.com



ရိုက်တာ ယောက်ျားအကျင့် မဟုတ်ဘူးကွ"

မိုးဦးက မကျေနိုင်မချမ်းနိုင် ပြောရင်းက ထလာသည်။

"ဘယ်ကောင်လဲ. . ပြော. . ၊ မိန်းမလိုမိန်းမရ ငါ့ပါးကို လာရိုက်တာ ဘယ်ကောင်လဲ. . ပြော"

တေဇာက လက်ကာပြရင်း. . .

"နေဦး. . မင်းဘာဖြစ်တာလဲ သေချာပြောဦး၊ ငါတို့အားလုံး ဒီမှာသောက်နေကြတာ၊ မင်းဆီ ဘယ်သူမှ မလာဘူး၊ မင်းမြင်တဲ့အတိုင်းပဲ. . ဒီမှာ ငါတို့ တစ်ယောက်မှ မထကြသေးဘူး"

"ရိုက်ပြီးမှ ပြန်ထိုင်နေတာမလား"

တေဇာ စားပွဲကို လက်သီးဖြင့် တစ်ချက်ထိုးချလိုက်ရာ 'ဒုန်း'ခနဲ မြည်သွားသည်။

"မင်း ငါတို့နဲ့ ပေါင်းလာတာ ဘယ်လောက်ကြာပြီလဲ၊ ငါတို့စိတ်ဓါတ်ကို မသိဘူးလား၊ ငါတို့ထဲမှာ မိန်းမကျင့် မိန်းမကြံကြံတတ်တဲ့ကောင် ပါလို့လား၊ အခြောက်ပါလား. . မိန်းမလျာပါလား"

တေဇာ နည်းနည်း စိတ်ဆတ်တတ်သူမို့ အာကာဝင်တားရင်း. . .

"မင်းအိပ်နေတာကို ပါးလာရိုက်ရအောင် ငါတို့နဲ့မင်းနဲ့ ဘာရန်ငြိုးရန်စ ရှိလို့လဲ၊ စဉ်းစားကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အာကာ လေပြည်အေးနှင့်ပြောတော့မှ မိုးဦး နည်းနည်း စိတ်ပြေသွားပုံရသည်။

"ငါက ဘလိုင်းကြီး အရိုက်ခံလိုက်ရတာကွ၊ မျက်လုံးဆဲ မီးကို ပွင့်သွားတာပဲ. . ဒီမှာကြည့်"

မိုးဦးက အုပ်ထားသောလက်ကို ဖယ်ပြသည်။ သူတို့ အားလုံး ဆံပင်များထောင်ထကာ အမူးပြေသွားကြသည်။ မိုးဦး ပါးပေါ်မှာ လက်ငါးချောင်းရာကြီးက အထင်းသား။

"ဟော့ကောင်. . ဟော့ကောင်၊ မင်း တကယ်ပါးရိုက်ခံ လိုက်ရတာပေါ့. . ဟုတ်လား"

"အခုထိ ပါးက ထူပူနေတုန်းပဲကွ၊ ဒါတောင် မယုံသေး ဘူးလား"

"မဟုတ်. . မဟုတ်ပါဘူးကွာ၊ ဘယ်သူဝင်လာတာမှ လဲ ငါတို့ မတွေ့လိုက်ရဘူး၊ မိုးရွာလို့ ပြတင်းပေါက်ကအစ ဒံ၊မ် တံခါးတွေအားလုံး ပိတ်ထားတာပဲဟာ"

"ငါတို့ထဲကတော့ ဘယ်သူမှ မဟုတ်ပါဘူးကွာ. . ယုံပါ ကွာနော်"

"မင်းအိပ်ခါနီးက မူးမူးနဲ့ ပေါက်ကရတွေ လျှောက်ပြော သေးတယ် မဟုတ်လား"

မိုးဦးက တွေခနဲ ဖြစ်သွားသည်။

"သရဲမကို ဖက်နမ်းမယ်လို့ ငါပြောမိလိုက်တယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါဆို ငါ့ပါးကို လာရိုက်သွားတာ သရဲမပေါ့၊ တောက် သရဲမ ပါးရိုက်တာကိုမှ ခံလိုက်ရတယ်လို့ကွာ၊ လူဖြစ်ရှုံးလိုက်တာ. . .”

မိုးဦးက သူ့အဖြစ်သူ ကြိတ်မနိုင် ခဲမရ ဖြစ်နေသည်။

သို့နှင့် တစ်ပတ်လောက်အထိ ပါးယောင်ကိုင်းကာ မိုးဦး တစ်ယောက် အလုပ်မဆင်းနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဗဒလိုက်မာန်ပါတော့ မလုပ်သင့်ဘူးပေါ့ ခရမ်းပြာရယ်၊ ဒီကောင်က ဒီလိုပဲ အစအနောက်သန်တာ သိရဲ့သားနဲ့"

"အိုး. . ဒါမျိုးစတာတော့ မကြိုက်ပါဘူး"

"ခရမ်းပြာနာမည် ပါတာမှ မဟုတ်ဘဲ၊ ဘာနာစရာရှိလဲ"

"ဘာပဲဖြစ်ဖြစ် ခရမ်းပြာကို ပြောတာ. . ခရမ်းပြာ သိတယ်"

နောက်ကို ဒီလိုခြေလွန်လက်လွန် မလုပ်ဖို့ ချော့မော့နားချရမည်။ ဟိုကောင်တွေ ထင်ထင်ပေါ်ပေါ် သိကုန်ရင် အားလုံးခက်တော့မည်။ ခရမ်းပြာကို နာနာဘာဝလို့ သတ်မှတ်တာလည်း မခံချင်. . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် အေးမင်းလည်း ခရမ်းပြာ လုပ်လိုက်တာ ကြောက်ပြီး ထွက်ပြေးသွားပြီ၊ သူ့မှာ သတိလက်လွတ်တောင် ဖြစ်သွားတာ၊ အကြောက်လွန်ပြီး သေမသွားတာ ကံကောင်း"

ခရမ်းပြာက သဘောကျကာ တဟားဟား ရယ်နေသည်။

"ဘာရယ်တာလဲ ခရမ်းပြာ၊ မောင် အကောင်းပြောနေတာ. .၊ အေးမင်း ကြောက်တတ်မှန်း သိရဲ့နဲ့ မင်း ဒီလောက် မခြောက်သင့်ဘူး"

"ခြောက်တာ မဟုတ်ပါဘူး မောင်ရယ်၊ သူက ကံနိမ့်လို့ တိုက်တိုက်ဆိုင်ဆိုင် တွေ့သွားတာပါ"

ကံနိမ့်လို့. .။

ဒါဆို သူလည်း ခရမ်းပြာကို ခုလိုတွေ့နေရတာ ကံနိမ့်နေလို့ပေါ့။

"ခရမ်းပြာ တစ်ခုတော့ ဝန်ခံပါတယ်၊ သူတွေ့သွားမှန်း သိတော့ ခရမ်းပြာ သူ့ကို နည်းနည်းတော့ စ,လိုက်မိတယ်၊ လက်ကို သူ့ဆီ တမင်ဆန့်ထုတ်လိုက်တာ"

နရီပင် ကျောထဲတစိမ့်စိမ့် ချမ်းတက်သွားသည်။

အေးမင်းပြောပုံအရ ငုတ်တုတ်က ထိုင်ရာမထဘဲ. . . လက်ကြီးတစ်ဘက်ကသာ တဖြည်းဖြည်း ရှည်ထွက်လာတတ်တဲ့။

သူ အတွေးနှင့်တင် တစိမ့်စိမ့်ကြောက်ကာ ခရမ်းပြာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အဲ့လိုတွေ စ,မှာကို စိုးရိမ်လာသည်။

"မောင့်ကိုတော့ အဲလို မ,စပါနဲ့နော် ခရမ်းပြာ၊ မောင် လည်း ကြောက်တတ်တယ်"

ခရမ်းပြာက တဟားဟား ရယ်သည်။

"မောင် အရင်က မကြောက်တတ်ပါဘူး၊ ခုမှ ဘယ်လို ဖြစ်လို့ ကြောက်တတ်သွားတာလဲ"

"အရင်က မောင် တစ်ခါမှ မကြုံဖူးတာ၊ ခုတော့. ."

သူ စကားဆက်ရမှာ အားနာသနားနေမိသည်။

"ခရမ်းပြာကို ချစ်လွန်းလို့သာ ခုလို အတူနေတာ၊ မောင် လည်း နာနာဘာဝတွေကို ကြောက်တာပဲ"

သူက ခရမ်းပြာကို မကြည့်ဘဲ မျက်နှာလွှဲကာ တိုးတိုး ပြောလိုက်သည်။

"မောင့်အချစ်ကို ခရမ်းပြာ လေးစားပါတယ်၊ မောင့် သစ္စာကိုလည်း ယုံပါတယ်၊ မောင်. . ခရမ်းပြာနဲ့ အတူမနေချင် ဘူးလားဟင်"

"အခု အတူနေနေတာပဲ ခရမ်းပြာရဲ့"

"မဟုတ်ဘူး. . အခုက ဘဝချင်းက ခြားနေသေးတယ်၊ ဘဝချင်း အတူတူ မနေချင်ဘူးလား"

သူ ခေါင်းနပန်းကြီးသွားသည်။

"မဖြစ်နိုင်ဘူးထင်တယ် ခရမ်းပြာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပဲ ခရမ်းပြာကို ချစ်တယ်ဆို"

ခရမ်းပြာက ရှေ့တိုးလာသည်။

သူ လက်ကိုဆန့်ကာ တားရင်း နောက်ဆုတ်သည်။

ရွေ့မရ. .။ အေးခဲနေသော ခန္ဓာကိုယ်က နည်းနည်းလေးမှ လှုပ်လို့မရ။

ခရမ်းပြာရဲ့ လက်ချောင်းများက သူ့လည်ပင်းပေါ် ရောက်လာသည်။

အံ့မယ်လေး. . . ပူလိုက်တာ. .။

သူ့လည်ပင်းကို ထိရုံသာ ထိထားမှန်း သိသော်လည်း အသက်ရှူရကျပ်လာသည်။ မီးဖြင့် အမြှိုက်ခံရသလို သူ့လည်ပင်းမှာ ပူလောင်နေသည်။ အသက်ရှူလို့ မရတော့. . .။

သူ့အသိထဲ လင်းခနဲတစ်ချက် ဖြစ်လိုက်ပြီး. . .

"အရဟံ. . ."

ဟု စိတ်တွင်းမှ ရွတ်လိုက်မိသည်။

သူ့လည်ပင်း အေးခနဲဖြစ်သွားကာ အသက်ပြန်ရှူလို့ရလာသည်။ သူ မသေတော့ဘူးပေါ့။

သူ အတော်ဝမ်းသာသွားသည်။

ခရမ်းပြာ ဘယ်ရောက်သွားပြီလဲ။

သူ မျက်လုံးများ ဖွင့်ကြည့်လိုက်လျှင် သူ့အား ငုံ့မိုးကြည့်နေသော အာကာ့ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ. . လက်ကိုင်ပုဝါ လည်ပင်းပတ်ပြီး အိပ်နေရတယ်လို့၊ ညနေစောင်းကြီး အိပ်နေရသလား၊ မင်းကြည့်ရတာ အသက်ရှူကျပ်နေသလိုပဲ၊ တော်သေးတာပေ့ါ. . ငါပြန်လာတာ စောလို့"

အာကာ့လက်ထဲမှာ သူ့လက်ကိုင်ပုဝါလေး။

နရီ အိပ်ပျော်မနေပါ၊ လက်ကိုင်ပုဝါက သူ့လည်ပင်းကို ဘာဖြစ်လို့ လာပတ်နေရတာလဲ။

နရီ သူ့လည်ပင်းကို အုပ်ကိုင်လိုက်မိသည်။

"ဘာဖြစ်နေတာလဲ၊ မင်းကြည့်ရတာ အတော်ကြောက်နေပုံပဲ"

သူ့ပခုံးကို ကိုင်ထားသော အာကာ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားမိသည်။

အာကာက နှာခေါင်းကို ရှုံ့ပွပွလုပ်ရင်းက. . .

"မင်းလက်ကိုင်ပုဝါကလဲ ဆေးရုံစော် နံလိုက်တာ၊ အော်ဂလီဆန်စရာကြီး. ."

အာကာက လက်ကိုင်ပုဝါကို မသတီသလို လက်ထဲမှ ပစ်ချလိုက်သည်။ လက်ကိုင်ပုဝါကို သူလည်း မထိရဲ။

အန္တရာယ်ပြုတော့မလို ထိတ်လန့်နေမိသည်။

အာကာ့လက်ကို အားပြုပြီး ထ,ထိုင်လိုက်တာ. . .

"ငါ မင်းကို ပြောပြစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အာကာ့မျက်နှာကို အလေးအနက် စိုက်ကြည့်လျက် သူ ကြုံတွေ့နေရသော ထိတ်လန့်သွေးပျက်စရာ အဖြစ်အပျက်များကို ရင်ဖွင့်နေမိတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထင်တော့ ထင်ပါတယ်၊ မင်းကို အားနာလို့ ဖွင့်မမေးတာ"

"မင်းတို့ သဘောမတူမှာစိုးလို့ ငါလျှို့ဝှက်ထားမိတာပါကွာ"

သူ့အပြစ်ကို သူဝန်ခံလိုက်သည်။

"ငါ. . ငါသေရတော့မယ် ထင်ပါရဲ့၊ ခရမ်းပြာက သူနဲ့အတူလာနေဖို့ ခေါ်နေပြီ၊ တော်သေးတာပေ့ါ. . ဘုရားကို သတိရလိုက်မိလို့"

"သူခေါ် ချင်တိုင်း ခေါ်လို့မရပါဘူးကွာ၊ မင်းသက်တမ်းက ရှိသေးတာပဲ၊ ပြီးတော့. . မင်း ဘုရားကို မမေ့သရွေ့ နတ်ကောင်းနတ်မြတ်တွေက မင်းကိုကယ်မှာပဲ. . ၊ ဘုရားတရား



www.burmeseclassic.com

www.burmeseclassic.com



များများလုပ်၊ ကုသိုလ်ကောင်းမှု များများလုပ်ပေါ့ကွာ"

"အဲ့ဒီလိုဆိုရင် ခရမ်းပြာ ငါ့အနားကပ်လို့ ဘယ်ရတော့မလဲ၊ သူ့ကို ငါ သနားလည်း သနားတယ်ကွာ၊ သူ့ဝိညာဉ်လေး ငါ့အနားရှိနေစေချင်တယ်၊ ကြောက်လန့်စရာရုပ်နဲ့တော့ မဟုတ်ဘူးပေါ့"

အာကာက သူ့ကို စိတ်ပျက်လက်ပျက် ကြည့်ပြီး ခေါင်းယမ်းသည်။ သူ့အဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူးဖြစ်နေသည်။

"တစ်ခုတော့ ငါ သတိပေးမယ်ကွာ သူငယ်ချင်း၊ နာနာဘာဝဆိုတာ မမွေးမြူထားကောင်းဘူးကွ"

သူ တွေဝေသွားပါသည်။

သွေးပျက်စရာကောင်းလွန်းသော အခြေအနေကြောင့်သာ အာကာ့ကို ဖွင့်ပြောပြလိုက်မိသော်လည်း ပြောပြီးမှ မှားသွားပြီထင်တယ်ဟု နောင်တရချင်လာမိသည်။

တကယ်တမ်း နောင်တရသွားသူမှာ သူမဟုတ်ပါ။ အာကာ. . . သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

# ပီယအရိုးခေါင်း

အဘကာတစ်ယောက် အူမြူးနေသည်။ နရီ မသိအောင် ခိုးခဲ့ရတာကိုတော့ စိတ်မလုံ. .။

ဒီကောင့်ကို ဖွင့်ပြောပြီး ငှားရင်လည်း ငှားမှာမဟုတ်။ အကျီအိတ်ကို အသာဖိကြည့်လိုက်သည်။

လက်ကိုင်ပုဝါက သေသေသပ်သပ် ခေါက်ရုံကာသားအတိုင်း ငြိမ်သက်စွာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးလေးတစ်ယောက်က လူသေအလောင်းနှင့် ထိတို့ထားသော ပစ္စည်းအသုံးအဆောင်တွေဟာ ဝိယဆေးအဖြစ် စွမ်းတယ်ဆိုတာကြောင့် နရီလက်ကိုင်ပုဝါကို ခိုးယူခဲ့ခြင်းဖြစ်သည်။

ဒီနေ့ မို့မို့ကို ဖွင့်ပြောမှာဖြစ်သည်။

ကောင်မလေးကလည်း သူ့အပေါ် စိတ်ဝင်စားနေမှန်းသိသည်။ အခွင့်အရေးတွေလည်း ပေးသည်။ သို့သော် သေချာအောင် လက်ကိုင်ပုဝါကို အဆောင်အဖြစ်သုံးကာ ဖွင့်ပြောမည်။

လက်ကိုင်ပုဝါဆီက အနံ့ကတော့ ဆိုးသည်။ အတတ်နိုင်ဆုံးတော့ ရေမွှေးတွေ ဆွတ်လာသည်။ မို့မို့ ဖယ်ရီပေါ်က ဆင်းလာသည်နှင့် မှတ်တိုင်ရှေ့ လူအုပ်ထဲမှ သူ တိုးထွက်လိုက်သည်။

"မို့မို့ ဘာစားပြီးပြီလဲ၊ တစ်ခုခု စားရအောင်"

"အိမ်က ထမင်းကြော်စားခဲ့တယ် ကိုအာကာ"

"စားခဲ့ပြီးလည်း ကော်ဖီသောက်တာပေါ့၊ လာပါ. . မကြာပါဘူး ခဏကလေးပါ"

မို့မို့က သူ့ကို အားတုံ့အားနာ ဖြစ်နေသည်။

"ခဏပါ မို့မို့ရဲ့. . မကြာပါဘူး"

သူက ထပ်ပြီးဖိတ်ခေါ်လိုက်လျှင် မို့မို့က အဖော်များကို အကျိုးအကြောင်း ပြောပြနေသည်။ မို့မို့သူငယ်ချင်းများက ပြုံးစိစိဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ရုံးတော့ တက်ကြဦးနော်"

လို့လှမ်းနှောက်သည်။

သူက ရုံးနားက လူရှင်းပြီး သပ်ရပ်လှပသော ကော်ဖီဆိုင်ကလေးဆီ မို့မို့ကို ခေါ်သွားလိုက်သည်။

"မို့မို့ ဘာစားမလဲ. . မှာလေ"

"ဟင့်အင်း. . ဘာမှမစားတော့ဘူး၊ ကော်ဖီပဲ သောက်မယ်"

မို့မို့ကြည့်ရတာ ရှက်ဝဲဝဲလေး ဖြစ်နေသည်။

သူက ဘရာဇီး ကော်ဖီနှစ်ခွက် မှာလိုက်သည်။ မှာထားသော ကော်ဖီရောက်လာသည်အထိ စကားမပြောဖြစ်ကြသေး။ သူလည်း ဘယ်ကဘယ်လို စကားစရမှန်းမသိ။

မို့မို့ကလည်း ခေါင်းသာငုံ့နေလေ၏။

"မို့မို့ကို ကိုယ်ပြောစရာရှိလို့. . "

သူ စကားစ,လိုက်လျှင် မို့မို့က မျက်လွှာလေးတစ်ချက် ပင့်ကြည့်သည်။

"ဘာပြောမှာလဲ ကိုအာကာကလဲ၊ ရုံးမှာ ပြောလို့လဲ ရရဲ့သားနဲ့ဟာကို ဆိုင်ကိုခေါ်လာရသေးတယ်"

"ရုံးမှာ ပြောလို့မရတဲ့ စကားမို့လို့ပေါ့ မို့မို့ရဲ့"

သူ ဖွင့်ပြောတော့မည်။

နေဦး. . .။



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာတစ်ခု ရှိသေးသည်။

ဦးလေးမှာတဲ့အတိုင်း အကျီအိတ်ထဲက လက်ကိုင်ပုဝါကိုထုတ်ကာ မျက်နှာကို ပွတ်လိုက်သည်။

ထိုစဉ်. . .

"အံမယ်လေး"

မို့မို့ ထအော်တော့သည်။

မို့မို့မျက်နှာမှာ သွေးဆုတ်သလို ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

"သရဲ. . သရဲ. . အား. . လုပ်ကြပါဦး"

မို့မို့မှာ ထိတ်လန့်တကြား အော်ဟစ်ရင်း သတိမေ့လဲကျသွားသည်။

"လာကြပါဦး. . ဒီမှာ သတိမေ့သွားလို့"

သူအော်ဟစ်အကူအညီတောင်းလိုက်လျှင် စားပွဲထိုးလေးများနှင့် ဆိုင်ရှင်မိသားစုတို့ ရောက်လာကြသည်။

သူမှာ မို့မို့ကို မိန်းမသားမို့ မထိရဲမကိုင်ရဲ။

ချွေးများပြန်လာကာ ယောင်ပြီး မျက်နှာကို လက်ကိုင်ပုဝါနှင့် ထပ်သုတ်လိုက်မိသည်။

"အံမယ်လေး. . သရဲ. . သရဲဗျို့"

သူ့ကို ဝိုင်းလက်ညှိုးထိုးကာ အားလုံး ဝရုန်းသုန်းကားထွက်ပြေးကြတော့သည်။ သူလည်း ဘာဖြစ်မှန်းမသိ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်ကာ ဆိုင်ထဲမှ တဟုန်ထိုး ထွက်ပြေးလာခဲ့တော့သည်။

ကယောင်ကတမ်းနှင့်မို့ လမ်းပေါ်ရောက်သည်အထိ သူဆက်ပြေးနေမိဆဲ. .။ ပြိုက်ပြိုက်ကျလာသော ချွေးတွေကို လက်ကိုင်ပုဝါနှင့် ပြေးရင်း သုတ်မိဆဲ. .။

သူ့ကိုတွေ့သမျှ လူများကလည်း ကြောက်လန့်တကြား လက်ညှိုးထိုးကာ အော်ဟစ်ထွက်ပြေးကြဆဲ. . .။

အမှန်က. . သူမရဲ့ ပုဝါလေးယူသွား၍ ခရမ်းပြာ လိုက်ခြောက်နေခြင်းဖြစ်သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



နရီ အတော့်ကို စိတ်ဆိုးနေသည်။ အာကာမှာ အပြစ်ရှိသူမို့ နရီ့ကို မကြည့်ရဲ။ ချွေးများလဲ ရွှဲနစ်ကာ မောဟိုက်နေသည်။

"ငါ . . ငါတောင်းပန်ပါတယ်ကွာ၊ နောက်မလုပ်တော့ပါဘူး"

"မင်း အခုတစ်ခါတော့ လုပ်ပြီးသွားပြီမဟုတ်လား"

နရီ့အသံက မာနေသည်။

"မင်းကွာ . . လုပ်ရက်တယ်၊ ဘာမဟုတ်တဲ့ မိန်းမပိုးတဲ့ကိစ္စမှာ ငါအမြတ်တနိုးထားတဲ့ပစ္စည်းကို အဆောင်အဖြစ် သုံးရက်တယ်"

"ငါ တောင်းပန်ပါတယ်ကွာ၊ ဒါပေမယ့် မင်းမြင်တဲ့အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပဲ ငါလည်းထွက်ပြေးခဲ့ရတာ၊ ငါ့ကိုစွလည်း အဆင်မပြေခဲ့ပါဘူး၊ ငါလက်ကိုင်ပုဝါနဲ့ မျက်နှာသုတ်လိုက်တာနဲ့ အံမယ်လေး အော်ပြီး မှိုမှို့ သတိမေ့လဲသွားတာပဲ. .၊ ငါ့ကိုမြင်သမျှ လူတွေအားလုံးကလည်း အော်ပြီးထွက်ပြေးကြတယ်၊ ဘာများ ဖြစ်လို့ပါလိမ့်ကွာ. ."

နရီ စိတ်ဝင်တစားဖြစ်ကာ အာကာ့လက်ထဲမှ လက်ကိုင်ပုဝါကို ဆွဲယူကာ မျက်နှာကို သုတ်လိုက်မိသည်။

"အား. . သရဲ"

အာကာ သူ့ကို လက်ညှိုးထိုးပြီး ထွက်ပြေးလေရာ နရီ နားမလည်စွာ ကျန်ရစ်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အခန်း (၁၀)

## ငါ့ကိုပြန်ပို့ပေး

နရီက အာကာ နောက်တစ်ခါ ထပ်ယူသုံးနေမှာစိုးတာကြောင့် လက်ကိုင်ပုဝါကို ခေါင်းအုံးအောက်မှာ မထားတော့ဘဲ သူဝတ်နေကျ ဂျာကင်အတွင်းအိတ်ထဲ ထည့်သိမ်းထားလိုက်သည်။

သူရိန်ကတော့ လက်ကိုင်ပုဝါအကြောင်း ဘာမှမသိရှာ။ အရေးတကြီး ခရီးသွားစရာရှိတာမို့ မျက်စိရှေ့တွေ့ရာ နရီ့ဂျာ

www.burmeseclassic.com



ဘင်ကို အမြန်ကောက်စွပ်လိုက်သည်။

နရီ့ဆီက ခွင့်မတောင်းနိုင်တော့. . ။

နရီက ရေချိုးခန်း ဝင်နေသည်။

နရီ့ကို လှမ်းအော်၍တော့ အသိပေးခဲ့သည်။

"နရီ. . ငါခရီးသွားစရာရှိလို့ မင်းဂျာကင် ယူဝတ်သွားဘယ် သိလား"

အလောတကြီး ဖြစ်နေတာမို့ နရီရဲ့ 'မယူနဲ့'ဟု လှမ်းပြီးဘားမြစ်သံကို ရေသံများကြားမှ သူရိန် မကြားဖြစ်လိုက်။

ကားက ရုတ်တရက်ကြီး ထိုးရပ်သွားလျှင် ငိုက်မြည်းစမှုနေသော ခရီးသည်များ လူးပ်လှုပ်ရှားရှား ဖြစ်ကုန်ကြတော့သည်။

"ကားက ဘာဖြစ်လို့လဲ. . ဆီကုန်သွားလို့လား"

"ဆီက အပြည့်ဖြည့်ထားတာပါ၊ စက်လဲ စစ်ပြီးသားအကောင်းပဲ၊ ဘာဖြစ်မှန်း မသိဘူး၊ ကျွန်တော်က ခရီးတစ်ခါထွက်ရင် တစ်ခါ ကားအင်ဂျင်ကို အမြဲစစ်နေကျ"

ကားဆရာက ခရီးသည်များကို ရှင်းပြနေသည်။

စပယ်ယာကိုခေါ်ကာ အောက်ဆင်းပြီး အင်ဂျင်ကို စစ်ကြည့်သည်။

ဘာမှ ချို့ယွင်းချက်မရှိ။ သူတို့ အဖြေရှာမရဖြစ်နေဆဲကားပြောတတ်စအရွယ် ကလေးတစ်ယောက်က သူရိန့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး. . .

"ကြောက်တယ်. . . ကြောက်တယ်"

ဟု အောင်ငိုနေပြန်သည်။

"မကြောက်ပါနဲ့ သမီးရဲ့၊ ဦးက ဘာမှမလုပ်ပါဘူး. . တိတ်. . တိတ်၊ သမီးက မျက်နှာစိမ်းရင် ကြောက်တတ်တယ်"

ကလေးအမေက ကလေးကိုချော့ရင်း သူ့ကို အားနာစွာ ရှင်းပြနေသည်။ ကလေးက အငိုမတိတ်။ စူးစူးဝါးဝါး ငိုနေဆဲ။

သူရိန် အနေရခက်လာသည်။ အရှေ့ထွက်လာကာ ရှောင်နေလိုက်တော့သည်။

သူ့ဘေးမှ လူတစ်ယောက်ကအဖြတ် ဟပ်ထိုးလဲမလို ဖြစ်သွားရာ. . .

"ဟော့ကောင်. . မင်း ဘာဖြစ်လို့ တွန်းလိုက်တာလဲ"

"မတွန်းရပါဘူးဗျာ. . . ကျွန်တော့်ဘာသာ နေတာပါ ဘေးလူတွေလဲ မေးကြည့်ပါ"

"ဟုတ်တယ်. . သူမတွန်းပါဘူး"

ဘေးလူတစ်ယောက်ကပါ သူ့ဘက်က ဝိုင်းပြောပေးသည်။

လဲမလို ဖြစ်သွားသောလူမှာ သူ့ကို ကွက်ကြည့်ကာ ကြည့်နေရာမှ မျက်လုံးများ ပြူးကျယ်လာကာ ထိတ်လန့်ကြား ဖြစ်သွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူရိန် စိတ်ပျက်လက်ပျက် လှည့်အထွက် ကောင်မလေး တစ်ယောက်နှင့် တိုက်မိသွားသည်။ ကောင်မလေးခမျာ အရှိန် မထိန်းနိုင်ဘဲ မြေပေါ် ပုံလျက်သားကလေး လဲကျသွားသည်။

"ဆောရီး. . . ဆောရီး"

သူ ကပျာကယာ တောင်းပန်ကာ ကောင်မလေးကို ဆွဲထူဖို့ ပြင်လိုက်သည်။

"ဖယ်. . . ငါ့ကို မကိုင်နဲ့"

ကောင်မလေးရဲ့အသံမှာ အက်ကွဲကွဲကြီးဖြစ်သည်။

သူ ကြက်သီးများ ဖြန်းခနဲထ,ကာ နောက်ကို ဆုတ် လိုက်သည်။

ကောင်မလေးက မြေပေါ်မှာ လဲလျက်သား. . လက် ထောက်လျက်က သူ့ကို မော့ကြည့်လာသည်။ မျက်လုံးများမှာ နီရဲလျက်. . ၊ မျက်နှာကလဲ ခက်ထန်လှသည်။

"နင့်ကို ငါ မကျေနပ်ဘူး"

"ဆောရီးပါ. . မတော်လို့ တိုက်မိတာပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

"မဟုတ်ဘူး. . နင် ငါ့ကို ဒီကိုခေါ်လာတာကို မကျေ နပ်ဘူး"

"စွပ်စွပ်စွဲစွဲဗျာ. . ခင်ဗျားကို ကျွန်တော်မခေါ်လာမိရ ပါဘူး၊ ခရီးစ,ထွက်ကတည်းက ကျွန်တော်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လာတာပါ၊ စပယ်ယာ အသိဆုံးပါ၊ ခင်ဗျားကိုလည်း ကျွန်တော် မသိပါဘူး၊ အခုမှ မြင်ဖူးတာပါ"

တစ်စထက်တစ်စ လူတွေ ဝိုင်းအုံလာကြတော့သည်။

"နင် အခုဝတ်လာတာ ဘယ်သူ့အကျီလဲ"

"ခင်ဗျားအပူ ဘာပါလို့ မေးရတာလဲ"

ကောင်မလေးက 'တောက်'တစ်ချက်ခေါက်ရာ. . သူ တုန်ခနဲ ဖြစ်သွားသည်။

"နင် နရီ့အကျီ ဝတ်လာတာ မဟုတ်လား"

သူ အရမ်းအံ့ဩသွားသည်။

အခုမှမြင်ဖူးတဲ့ ကောင်မလေးက နရီ့အကျီကို သူဝတ် လာတာ ဘယ်လိုများ သိနေပါလိမ့်။

"ဂျာကင်အတွင်းအိတ်ထဲမှာ လက်ကိုင်ပုဝါတစ်ထည် ရှိတယ်. . ဆွဲထုတ်လိုက်စမ်း"

သူ ဂျာကင်အိတ်များကို အမြန်စမ်းကြည့်လိုက်သည်။

ကောင်မလေး ပြောသည့်အတိုင်း လက်ကိုင်ပုဝါ တစ် ထည် တွေ့ရသည်။

"အေး. . အဲ့ဒီလက်ကိုင်ပုဝါထဲမှာ ငါ့ဝိညာဉ် ရှိတယ်"

သူ လက်ကိုင်ပုဝါကို အလန့်တကြား လွှတ်ချလိုက်တော့ သည်။

"ပြန်ကောက်. . နင် ငါ့ကို ငါ့နေရာ ပြန်ပို့ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ စိတ်အညှို့ခံထားရတဲ့သူလို သူမ အမိန့်ပေးသည့်အတိုင်း ပြန်ကောက်လိုက်မိသည်။

"နေ. . နေပါဦး၊ ခင်ဗျားဘယ်သူလဲ"

ကောင်မလေးက သူ့ကို စိုက်ကြည့်ရင်းက ကြောက်စရာ အသံကွဲကြီးဖြင့် ရယ်လိုက်ရင်း. . .

"မသိဘူးလား. . ငါ ခရမ်းပြာလေ"

သူ ကြောက်စိတ်များ ပြည့်နှက်ကာ နောက်လှည့်ပြေးလိုက်မိသည်။

"မပြေးနဲ့. . နင်ပြေးလို့မရဘူး၊ ငါ့ကို နရီ့ဆီ ပြန်ပို့ပေး၊ မပို့ပေးရင် နင် ဒုက္ခအကြီးအကျယ် ရောက်သွားမယ်"

သူ ပြန်လှည့်လာခဲ့ရတော့သည်။

ကားဆရာက. . .

"ကျွန်တော့်မှာ ပရိတ်ရေ ရှိတယ်"

ဆိုကာ ကောင်မလေးကို ပက်လိုက်လျှင် 'အား'ခနဲအော်ကာ ငြိမ်ကျသွားတော့သည်။ ကောင်မလေးမှာ သတိပြန်ဝင်လာတော့ ကြောင်စီစီ ဖြစ်နေ၏။

မြေပေါ်လဲကျနေရာက ရှက်ရှက်နှင့် ကုန်းရုန်းထ,သည်။

သူ့အဖြစ် သူသိပုံမပေါ်. .။

"ကဲ. . ဒီကဆရာက ဒီလိုလုပ်ပေးပါလား၊ အမြန်ကားတစ်စီးစီးနဲ့ ပြန်လိုက်သွားပါလား၊ ကျွန်တော်တို့ကားနဲ့တော့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့မဖြစ်ဘူး၊ စက်ကလည်း အကောင်းကြီးကနေ ထိုးရပ်သွားကတည်းက ကျွန်တော် မသင်္ကာဖြစ်နေတာ"

"ဟုတ်တယ်. . ဟုတ်တယ် မလိုက်နဲ့တော့၊ ကျွန်မတို့သူနဲ့ ကားတစ်စီးတည်း အတူမစီးရဲဘူး"

"ဟုတ်တယ်. . . ဒီမှာ ကလေးကလည်း သူ့ကြည့်ပြီး ကြောက်လွန်းလို့ တအားငိုနေတာ၊ ချော့လို့ကို မရဘူး"

အများဆန္ဒအတိုင်း သူနေခဲ့ရပါတော့သည်။

အပြန်ကားကိုတွေ့လျှင် ကားဆရာက တားကာ သူ့ကိုတင်ပေးလိုက်သည်။ သူ့အဖြစ်ကို ငဲ့ညှာစွာ အကျိုးအကြောင်းတော့ အမှန်အတိုင်း မပြောလိုက်ကြ။

လုံးဝစက်နှိုးမရသောကားက ခုတော့လည်း ချောမောစွာ ရှေ့သို့မောင်းထွက်ကာ ခရီးဆက်သွားသည်ကို သူ၏အပြန်ကားပေါ်မှ တွေ့လိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

## ဂျူနှင့်သရဲ အပြိုင်ကြဲကြတယ်

"မင်းကို ငါ မယူသွားနဲ့လို့ လှမ်းပြောသားပဲ"

"ငါက လောနေတာကိုး၊ ရေချိုးခန်းထဲကလည်း ရေသံတွေနဲ့ဆိုတော့ မင်းပြောတာ သဲသဲကွဲကွဲ မကြားလိုက်မိဘူး"

အာကာ့လို တမင်လုပ်တာမဟုတ်တော့ သူ့ကိုနေ့ကို သူ စိတ်ဆိုးလို့မရ။ စိတ်ထဲကတော့ သူ့လျှို့ဝှက်ချက်ကို အားလုံး

www.burmeseclassic.com

www.burmeseclassic.com



သိကုန်ပါပြီဟု စိတ်ညစ်ညူးသွားသည်။

"ငါ့မှာကွာ. . လှည့်ပြေးလို့လည်းမရ၊ အတော့်ကို ဒုက္ခပေးတာ"

"ဟိုကောင်မလေးကို ဝင်ပူးတော့ မင်းမသိသေးဘူးလား"

တေဇာက စကားဖြတ်ကာ ဝင်မေးသည်။

"မသိသေးဘူး. .၊ ဘယ်သူလဲမေးလို့ ခရမ်းပြာလဲဆိုရော ငါလည်း တချိုးတည်း လှည့်ပြေးတာ၊ မရဘူးကွ. . လက်ကိုင်ပုဝါကို မင်းဆီ အရောက်ပြန်ပို့ပေးရမယ်တဲ့၊ အခုတောင် အကြောက်က မပြေချင်သေးဘူးကွာ"

"ငါ့တုန်းကမှ ပိုဆိုးတာ"

အာကာလဲ မျက်နှာငယ်လေးနှင့် ဝင်ပြောသည်။

"မင်းကတော့ သူတို့ထက် အတွေ့အကြုံ ပိုရင့်မှာပေါ့နော်"

တေဇာ၏ အမေးကို သူ ဘယ်လိုဖြေရမလဲ မသိ။

တေဇာ တစ်စုံတစ်ခုကို အလေးအနက်ထား စဉ်းစားမိပုံနှင့်. . .

"မင်း ငါတို့ကို ဖွင့်မပြောဘဲ ကြိတ်မှိတ်ခံနိုင်တာ အံ့ဩတယ်"

"မင်းတို့သိရင် သဘောမတူမှာစိုးလို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



နရီ လေသံပျော့ဖြင့် တောင်းပန်သည်။

"တူစရာလားကွ၊ နာနာဘာဝ မွေးတယ်ဆိုတာ ကောင်းတဲ့အလုပ်မှ မဟုတ်တာ၊ မင်းကိုယ်တိုင်ရော မကြောက်ဘူးလား"

နရီ ခေါင်းအသာငြိမ့်ပြလိုက်သည်။

"မကြောက်ဘဲ နေမလားကွာ၊ ငါလဲ တစ်ခါမှ ကြုံဖူးတာမှ မဟုတ်တာ၊ နောက်ဆုံး င့ါကို သူနဲ့အတူလာနေဖို့ ခေါ်တော့မှ မဖြစ်တော့ဘူးဆိုပြီး အာကာ့ကို ဖွင့်ပြောပြလိုက်တာ"

"အစောကြီးကတည်းက မင်း ငါတို့ကို ပွင့်ပွင့်လင်းလင်း ပြောသင့်တာ၊ မလုပ်ကောင်းတာတွေ မင်းလုပ်တယ်၊ လူသေအလောင်းနဲ့ ထိထားတဲ့ လက်ကိုင်ပုဝါကို အိမ်ကို ယူလာကတည်းက မင်းမှားတာပဲ၊ အမဲသားအစိမ်းတွေလည်း ကျွေးသေးတယ်"

"ငါ သနားလွန်းလို့ပါကွာ"

"သနားစရာလားကွ. . အဲဒါ ခရမ်းပြာမှ မဟုတ်တော့ဘဲ၊ ခရမ်းပြာဆိုတာ မရှိတော့ဘူး. . . သေသွားပြီ၊ အခု မင်းမြင်နေရတာက နာနာဘာဝ၊ ခရမ်းပြာရဲ့ဘဝအသစ်တစ်ခု၊ ခရမ်းပြာ မဟုတ်တော့ဘူး၊ အဲဒါ မင်းနားလည်ရမှာပေါ့. . လက်ခံရမှာပေါ့"

တေဇာပြောသမျှ အမှန်တွေချည်းပဲမို့ သူက ခေါင်းငုံ့ခံနေမိသည်။ တေဇာ စားပွဲပေါ်က လက်ကိုင်ပုဝါကို ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကိုင်ကာ. .

"ဒီမကောင်းဆိုးဝါး လက်ကိုင်ပုဝါကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး၊ ဖျောက်ဖျက်ပစ်မှ ဖြစ်တော့မယ်၊ ငါ မီးရှို့ပစ်လိုက်မယ်"

"ဟာ. . မ. . မလုပ်. ."

သူ နှမြောတသ ဖြစ်သွားသည်။

ဒါဟာ ခရမ်းပြာရဲ့အမှတ်တရ ပစ္စည်းတစ်ခု ဖြစ်သည်။

သူ့မျက်စိရှေ့မှာ မီးရှို့ပစ်မှာ သူမမြင်ရက်ပါ။ မမြင်ချင်ပါ။ သူ လက်တကာကာဖြင့် တေဇာကိုတားဖို့ ကြိုးစားသော်လည်း အရာမထင်ပါ။

တေဇာက လက်တစ်ဖက်ဖြင့် လက်ကိုင်ပုဝါကို မြှောက်ကိုင်ကာ ကျန်လက်တစ်ဖက်ဖြင့် မီးခြစ်ကို ခြစ်လိုက်သည်။

သူ မျက်လုံးကို ကျပ်နေအောင် ဖိမှိတ်ကာ မျက်နှာလွှဲလိုက်ရတော့သည်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com

“အား. . .”

တေဇာ၏ အော်သံကြားလျှင် ဆတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူတို့အမြင်မှာ လက်ကိုင်ပုဝါ ကိုင်ထားသော တေဇာ့လက်ခုံပေါ် လိပ်ပြာတစ်ကောင် နားနေတာ မြင်ရသော်လည်း တေဇာမှာတော့ မခံမရပ်နိုင်ပုံဖြင့် လက်က တဆတ်ဆတ် ခါနေသည်။

တေဇာ့လက်ခုံပေါ်မှ သွေးများ ဝေါက်ခနဲ ပန်းထွက်သောတာ မြင်ရသည်။

“ငါ့. . ငါ့ကို ကိုက်နေတယ်. . ကိုက်နေတယ်. . လုပ်ပါအုံးဟ”



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာလုပ်ရမှန်းမသိ။

လက်သည်းခွံသာသာ လိပ်ပြာကလေး နားရုံနှင့် သွေးစိမ်းရှင်ရှင် ထွက်နေတာ မယုံနိုင်စရာ. . .

တေဇာအံကြိတ်လျက် ကျန်လက်တစ်ဖက်ဖြင့် မီးခြစ်ကို ရအောင်ခြစ်ကာ လိပ်ပြာကို မီးလှမ်းတို့လိုက်သည်။

လိပ်ပြာရော သူ့လက်ပါ မီးပူလောင်သွား၏။ ထိုအခါမှ လိပ်ပြာ ထပျံသွားသည်။

"နာလိုက်တာကွာ. . အသည်းတဆတ်ဆတ် ခါတယ်၊ ရန်ဖြစ်တုန်းက ခေါင်းကွဲတာတောင် ခုလောက် မနာဘူး"

သူတို့အားလုံး ကြမ်းပေါ်က လက်ကိုင်ပုဝါကို အလစ် မပေးရဲသလို ကြည့်နေမိသည်။

"ငါတို့ ဒီပြဿနာကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး"

သူရိန်က စဉ်းစဉ်းစားစား ပြောသည်။

"ငါတို့ဘာသာ ဖြေရှင်းလို့လည်း မရနိုင်ဘူး၊ ဒီအတိုင်းဆို ခရမ်းပြာကို နှင်မှဖြစ်တော့မယ်"

တေဇာ စကားသုံးနှုန်းပုံကြီးကို မကြိုက်တာကြောင့် သူ့ မျက်နှာ တင်းမာသွားသည်။

"ခရမ်းပြာက မင်းကို စွဲလမ်းလွန်းလို့ ဒီဘဝရောက်နေ ရတာ၊ မင်း ခရမ်းပြာကို ဒီအတိုင်းဆက်ထားနေရင်. . သူ့ဘဝ ပိုနစ်ရုံပဲ ရှိမယ်၊ သူ့ကို တကယ်ချစ်ရင် သူ ဒီဘဝက လွတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကောင်းရာမွန်ရာရောက်အောင် မင်းလုပ်ပေးရမှာပေါ့"

အာကာပြောသမျှ နရီ နားမဝင်. .

"ဟုတ်တယ် နရီ. . အာကာပြောတာ မှန်တယ်၊ ခင်းခရမ်းပြာကို ဒီဘဝမျိုးနဲ့ မထားသင့်ဘူးကွာ. .၊ သူကျွတ်လွတ်အောင် မင်းကူညီပေးသင့်တယ်"

သူရိန်ကလည်း အာကာ့စကားကို ထောက်ခံနေသည်။

"ဟုတ်တယ်ကွ. .၊ မင်းက လူ. . သူက နာနာဘာဝဘဝချင်း ခြားနေတော့ မင်းတို့ ပေါင်းသင်းလို့ရတာလဲ မဟုတ်ဘူး၊ အဲဒီတော့ ငါ အကြံတစ်ခု ပေးမယ်၊ ခရမ်းပြာ ဒီဘဝက ကျွတ်ပြီး လူ့ဘဝပြန်ရအောင် မင်း ကုသိုလ်ကောင်းမှု လုပ်ပြီး အမျှအတန်း ပေးဝေလိုက်၊ ခရမ်းပြာ လူဝင်စား ပြန်ဖြစ်ရင်. . အနှစ်နှစ်ဆယ်လောက် စောင့်ပြီး မင်း သူနဲ့ လက်ထပ်လို့ရတာပဲ၊ ငါပေးတဲ့အကြံ မကောင်းဘူးလား"

မိုးဦးစကားကြောင့် ဟိုကောင်တွေ ပြုံးစိစိ ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

# အစွဲအလမ်းကြီးတဲ့ဝိညာဉ်

သူတို့ စကားပြောနေတုန်း.. ပြတင်းတံခါးရွက်များ တဒိုင်းဒိုင်းဖြင့် ရိုက်ခတ်လာတော့သည်။ သူတို့ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"အပြင်မှာ လေမတိုက်ဘူးကွ"

အာကာက တီးတိုးပြော၏။ ခြံနောက်ရှိ သဘော်ပင်ကြီး မှာလည်း အမြစ်မှ ကျွတ်ထွက်မတတ် ယိမ်းခါနေသည်။ ခဏ



www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် နရီ့အနောက်နားက ပြတင်းမှန်တစ်ချပ် ခွမ်းခနဲ ကွဲသွားသည်။

"အပြင်က တစ်ယောက်ယောက်များ ခဲနဲ့ လှမ်းပစ်သလား မသိဘူး"

အပြင်ကို ထွက်ကြည့်တော့ လမ်းသွားလမ်းလာများမှာ ပုံမှန်အတိုင်းပင် ဖြစ်သည်။ မသင်္ကာစရာ လူတစ်ယောက်မှ မတွေ့ . ။

"ဖြောင်း . ဖြောင်း . ဖြောင်း"

ခေါင်မိုးကို သစ်ကိုင်းရိုက်သံများလည်း အဆက်မပြတ် ထွက်လာသည်။

တစ်အိမ်လုံးကို လင်းထိန်နေအောင် ရှိသမျှ မီးချောင်းများ အကုန်ဖွင့်ထားရ၏။ လေသံမှာ ကြမ်းသထက် ကြမ်းလာသည်။ လေသံတဟူးဟူးနှင့် သွပ်မိုးရိုက်သံ တဖြောင်းဖြောင်းမှာ သွေးပျက်ဖွယ် . . .

ထိုစဉ် မီးများ ဖျတ်ခနဲ ငြိမ်းသွားသည်။

"မောင် . "

သူ ခေါင်းနပန်းကြီးသွား၏။

ဗြုန်းခနဲ တွေ့လိုက်ရသည်မို့ နရီ လိပ်ပြာလွင့်မတတ် ဖြစ်သွားတော့သည်။

သူငယ်ချင်းများဆီမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းပြာ. ."

ဟု အံ့ဩထိတ်လန့်စွာ ရေရွတ်သံ ကြားနေရသည်။ ခရမ်းပြာကို သူတစ်ယောက်တည်း မြင်နေရတာမဟုတ်။

အားလုံးက ထင်ရှားသဲကွဲစွာ မြင်နေရခြင်းဖြစ်သည်။

"ခရမ်းပြာကို နှင်မထုတ်ပါနဲ့နော်၊ ခရမ်းပြာကို သနားတယ် မဟုတ်လား"

သူ အာစေးထည့်ထားခြင်း ခံရသလို ဘာမှပြန်မပြောနိုင်. .။

"နင် ဘာလို့ ငါတို့ကို နှောင့်ယှက်နေသလဲ"

တေဇာက ခတ်ထန်ထန် မေးသည်။

"နှောင့်ယှက်တာ မဟုတ်ပါဘူး၊ ခရမ်းပြာကို အထင်မလွဲပါနဲ့"

ခရမ်းပြာက အားလုံးရှေ့ ဒူးထောက်ထိုင်ချကာ ငိုရှိုက်တောင်းပန်နေသည်။ သူ့မှာ မမြင်ရက်။

"နင့်စကားကို ငါတို့က ယုံရမှာလား၊ နင် ငါတို့ကို နှောင့်ယှက်တာ များပြီ"

"ခရမ်းပြာ တောင်းပန်ပါတယ်၊ နောက် ဘယ်တော့မှ အဲ့လို မဖြစ်စေရတော့ပါဘူး၊ ယုံပါ. . တကယ်ကတိပေးပါတယ်၊ ခရမ်းပြာ မောင့်ကိုချစ်လွန်းလို့ပါ. . မခွဲနိုင်လို့ပါ၊ မောင့် နားမှာပဲ နေပါရစေ၊ ခရမ်းပြာကို သနားပါနော်၊ ခရမ်းပြာကို ဘာမှမကျွေး



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်းနေပါ၊ မောင့်နားမှာ နေခွင့်ရရင် တော်ပါပြီ၊ ခရမ်းပြာ ဘယ်မှ မသွားပါရစေနဲ့၊ ခရမ်းပြာ တခြားမှာလည်း နေစရာမရှိပါဘူး၊ မောင့်နားမှာပဲနေပါရစေ"

ခရမ်းပြာက မျက်ရည်များ တတွေတွေကျရင်းက ရှိုက်သံစွက်ကာ တောင်းပန်နေသည်။

နရီ အံကိုတင်းတင်းကြိတ်ရင်း မျက်နှာကို ဆံပင်နှင့်ကွယ်ထားရသည်။ သူ့ဆံပင်ကို မျက်ရည်စများ စိုစွတ်သွား၏။ အာကာ့ဆီမှ သက်ပြင်းသံသဲ့သဲ့ ကြားရသည်။

"မဖြစ်လို့ပါ ခရမ်းပြာရယ်၊ နင်နဲ့ငါတို့နဲ့က ဘဝချင်း ခြားနေပြီပဲ"

"နင်က ငါတို့ကို ဒုက္ခပေးတာကိုး၊ ငါ့ပါးကို အိပ်ပျော်နေတုန်း ရိုက်သွားတာလဲ နင်ပဲ မဟုတ်လား၊ နင့်ကို ငါမကျေဘူး၊ အခုနေ ငါ ဘုရားသောက်တော်ရေနဲ့ လှမ်းပက်လိုက်ရင် နင်ဘာဖြစ်သွားမလဲ သိလား"

မိုးဦးက ရှေ့တိုးလိုက်သည်။

"မလုပ်ပါနဲ့ . . မလုပ်ပါနဲ့၊ ခရမ်းပြာ တောင်းပန်ပါတယ်၊ မောင် . . ခရမ်းပြာကို ကယ်ပါဦး"

ခရမ်းပြာမှာ တုန်ယင် နင့်ဆွေးသော အသံကလေးဖြင့် သူ့ကို တစာစာ တောင်းပန်နေသည်။ မိုးဦးကို သူလှမ်းဆွဲထားလိုက်သည်။ အံကို တင်းတင်းကြိတ်ထားရသောကြောင့် သူ့မေး



www.burmeseclassic.com

www.burmeseclassic.com



ကြောကြီးများ ထောင်ထလာသည်။

ရှိုက်ကြီးတငင် ငိုမချမိအောင် အသားတဆတ်ဆတ် တုန်သည်အထိ တင်းထားသည့်ကြားက မျက်ရည်တို့ စီးပြိုကျလာသည်။

ခရမ်းပြာခများမှာလည်း မျက်နှာတပြင်လုံး မျက်ရည်တို့ဖြင့် ရွှဲနစ်ကာ မျက်ဝန်းကလေးများ နီရဲနေသည်။

ပခုံးလေးများ ဆတ်ခနဲ ဆတ်ခနဲ ခါအောင် ရှိုက်ငင်နေရှာသည်။ ငိုရှိုက်ရလွန်းတာကြောင့် မောပန်းကာ အားအင်ကုန်ခန်းသလို နွမ်းပျော့နေရှာတာ မြင်ရတာကြောင့်. . နရီ့ရင်ထဲ ထိခိုက်လွန်းရသည်။

သူရိန်က သူတို့နှစ်ယောက်ကိုကြည့်ကာ သက်ပြင်းမောကြီးချရင်း. .

“နင်နဲ့ နရီက ဘဝချင်းမှ မတူတော့တာ၊ သူ့ကို စွဲလမ်းနေတဲ့ သံယောဇဉ်ကို ရအောင်ဖြတ်မှ နင် ဒီဘဝက ကျွတ်မှာပေါ့. . ”

“နင် ဒီလို မလွတ်မကျွတ်ဘဝကြီးနဲ့ပဲ နေတော့မှာလား နင် လူ့ဘဝက ဘယ်လောက်ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေခဲ့ရသလဲ၊ အခုဘဝနဲ့ နှိုင်းယှဉ်ကြည့်စမ်း၊ အခုဘဝမှာ နေရထားရတာ နင်ဘယ်လောက်ဒုက္ခရောက်သလဲဟာ၊ သူ့ကို စွဲလန်းတဲ့စိတ်ကို ဖြတ်နိုင်အောင် နင်ကြိုးစားမှပေါ့”

www.burmeseclassic.com



တေဇာကလည်း ခရမ်းပြာကို ရှည်ရှည်ဝေးဝေး ရှင်းပြနေသည်။

"ငါကတော့ နင့်ကို ဒီဘဝက အမြန်ဆုံး ကျွတ်စေချင်တယ်၊ နင် လူ့ဘဝပြန်ရောက်အောင် ကြိုးစား၊ ဒါမှ ဒီကောင်နဲ့ ပေါင်းလို့ရမှာ၊ အခုလို နေရတာက နင်တို့ချင်း မြင်သာမြင်နေရတာ၊ ကြင်လို့ရတာ မဟုတ်ဘူး၊ ငါပြောတာ ဟုတ်တယ်မဟုတ်လား"

မိုးဦးစကားကြားလျှင် ခရမ်းပြာ ငိုင်တွေသွားသည်။

သူ့ကို မျက်နှာလေးမော့ကာ ငေးရီနေသော ခရမ်းပြာရဲ့မျက်တောင်စပ်တို့မှာ မျက်ရည်စတို့ ဝဲခိုနေဆဲ။

ခုလိုဘဝဖြင့် ချစ်သူကို မြင်တွေ့နေရသည်မှာ အသည်းတဆတ်ဆတ် ခါစေသည်။ ကိုယ့်အပေါ် အချစ်ကြီးလွန်း အစွဲအလန်းကြီးလွန်းလို့ နာနာဘာဝ ဖြစ်ရရှာသူကလေး။

"မောင်ကရော ခရမ်းပြာကို ခွဲနိုင်ပြီလားဟင်"

သူ့ဆန္ဒကို မေးရှာသော ခရမ်းပြာ အသံကလေးမှာ တိုးလျဖျော့တော့နေသည်။

(ဘယ့်နှယ့်လုပ် ခွဲနိုင်ပါ့မလဲ ခရမ်းပြာ. . ၊ မခွဲနိုင်လွန်းလို့ မောင် မလုပ်သင့်တာတွေ လုပ်ပြီး ခရမ်းပြာ ဝိညာဉ်ကလေးကို မောင့်အနား ခေါ်ထားတာပေါ့. . ၊ တကယ်တော့ မောင်မိုက်မဲလို့ ခရမ်းပြာ ဝိညာဉ်ဘဝ ရောက်ရတာပါ)



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းပြာကို ခုလိုဘဝနဲ့ မောင်မမြင်ချင်တော့ဘူး"

သူ ခရမ်းပြာကို ကျောခိုင်းကာ မျက်စိစုံမှိတ် ပြောချလိုက်သည်။ မောင့်ရင်တွေ ကွဲထွက်ကုန်တော့မယ် ခရမ်းပြာ။

"ကောင်းပါပြီ. . မောင့်ဆန္ဒအတိုင်းသာ လုပ်ပါတော့၊ ခရမ်းပြာ နာခံပါ့မယ်၊ မောင့်ကို ခရမ်းပြာ ကြိုပြီးနှုတ်ဆက်ခဲ့ပါတယ်၊ မောင် ခရမ်းပြာကို ဘယ်တော့မှ မမေ့ပါနဲ့နော်"

ခရမ်းပြာရဲ့တုန်ရီနင့်လှိုက်နေသော အသံကလေး တိမ်ဝင်သွားသည်။ သူလှည့်ကြည့်လိုက်လျှင် ခရမ်းပြာ မရှိတော့။

"ခရမ်းပြာ. . ခရမ်းပြာ. . "



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





# ဇာတ်သိမ်း

# လွင့်ပါးသွားသော အလွမ်းဝိညာဉ်

"ကဲ. . ဦးဇင်း မေတ္တာလဲပို့ပြီးပြီ၊ အမျှပေးဝေမယ်၊ ရေစက်ခွက်ကိုင်၊ အမျှပေးဝေတဲ့ အချိန်မှာ ပူဆွေးသောက ဖြစ်မနေရဘူး၊ ကိုယ်က ပူဆွေးနေရင် ကိုယ်ပြုလုပ်ပေးတဲ့ အလှူဒါန ကို တစ်ဖက်သားခမျာ မရရှိဘဲနေမယ်၊ ဝမ်းမြောက်ကြည်နူးစွာ အမျှပေးဝေကြပါ"



www.burmeseclassic.com

www.burmeseclassic.com



နရီက ရေစက်ခွက်ကို ကိုင်လိုက်သည်။

လက်ချောင်းများမှာ တဆတ်ဆတ် တုန်ယင်နေသည်။

မျက်တောင်များ အခါခါခတ်ကာ မျက်ရည်စကို သိမ်းသည်။

"ကွယ်လွန်လေပြီးသော မခရမ်းပြာကို ယခုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုအား အမျှပေးဝေပါတယ်၊ အမျှ . . အမျှ . . အမျှ . . ရကြပါစေ၊ သာဓု အနုမောဒနာ ခေါ်နိုင်ပါစေ၊ သာဓု . . သာဓု . . သာဓု"

ဆရာတော့်အသံမှာ အောင်မြင်ထည်ဝါလှသည်။

သုံးကြိမ်သုံးခါ အမျှဝေပြီးလျှင် သူ့အသံမှာ ရှိုက်သံသဲ့သဲ့ စွက်သွားသည်။

"ကဲ . . မခရမ်းပြာကို ဦးဇင်း မေတ္တာရပ်ခံမယ်၊ မခရမ်းပြာနဲ့ ဒီအိမ်သားတွေဟာ ဘဝချင်း ခြားသွားပြီ၊ ဒီအိမ်သားတွေနဲ့ မပတ်သက်ရတော့ဘူး၊ ဒီဘဝကနေ ကျွတ်လွတ်စေဖို့ ဦးဇင်းက မေတ္တာပို့ပေးမယ်၊ ကြည့်နူးတဲ့စိတ်နှလုံးနဲ့ ခံယူပါ"

ဦးဇင်းက တည်ငြိမ်သောအသံဖြင့် မေတ္တာပို့သည်။

"မခရမ်းပြာ ချမ်းသာပါစေ၊ ကောင်းရာသုဂတိ ရောက်ပါစေ"

မျက်နှာကြက်ဆီမှ အိမ်မြှောင်စုတ်ထိုးသံ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကဲ. . . ကွယ်လွန်သူ စွဲလမ်းသော အသုံးအဆောင် ပစ္စည်းများရှိက ယူလာခဲ့”

သူက ဆရာတော့်ကို လက်ကိုင်ပုဝါအား ကပ်လိုက်စဉ် မျက်ရည်တစ်ပေါက် လွင့်စဉ်သွားသည်။

“ဖယောင်းတိုင် မီးထွန်း”

ဆရာတော်က စည်းဝိုင်း,ဝိုင်းကာ ဖယောင်းတိုင် မီးထွန်း စေသည်။ လက်ကိုင်ပုဝါကို မီးစတင်ရှို့လိုက်စဉ် ထွက်ပေါ် လာ သော မီးခိုးငွေ့များမှာ မြူခိုးလိုလို ညို့မှိုင်းနေသည်။

မီးခိုးငွေ့များမှာ သဏ္ဌာန်အမျိုးမျိုး ပြောင်းလဲကာ အိမ် အပြင်ဘက် လွင့်ပြေးပျောက်ကွယ် သွားလေသည်။ လေမတိုက် ဘဲ တံခါးရွက်မှာ သုံးကြိမ်သုံးခါ ရိုက်ခတ်သွားသည်။

“အင်း. . နောက်ဆုံးနှုတ်ဆက်ခြင်းပဲ၊ ကဲ. . ကဲ. . အား လုံးပြီးသွားပါပြီ၊ စိတ်ချလက်ချ နေကြပါတော့၊ အေးချမ်းသွားပါ ပြီ၊ ဦးဇင်းလည်း ပြန်ကြွမယ်”

သူ အထီးကျန် ငြိမ်သက်စွာ ကျန်ရစ်ခဲ့သည်။

သူတို့အားလုံး ထိုနေ့မှစပြီး လုံခြုံအေးချမ်းစွာ နေရသော် လည်း သူ့ရင်ထဲမှာ လစ်ဟာလို့နေသည်။

ခရမ်းပြာ သူ့အနားက တကယ်ပဲ ထွက်ခွာသွားပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်,နှစ်ခန့်ကြာလျှင် သူ့သူငယ်ချင်းများထဲမှ တေဇာ အိမ်ထောင်ကျသွားသည်။

တေဇာ့မိန်းမ မီးဖွားသောသတင်း ကြားလျှင်. . .

"ဘာလေးမွေးလဲ"

ဟု သူက အမှတ်တမဲ့ သတင်းမေးလိုက်သည်။

"မိန်းကလေးကွ. . ."

ဘာကြောင့်မှန်းမသိ၊ သူ့ရင်ထဲ ဒိတ်ခနဲ ခုန်ကာ ကြည်နူးသလိုဖြစ်သွားပါသည်။

သူတို့အုပ်စုထဲမှာ တေဇာက အရင်အိမ်ထောင်ကျတာ ဖြစ်သည်။

သူ ဆေးရုံသို့ အမြန်သွားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ နီနီထွေးထွေး ဝဝကစ်ကစ်ကလေးပင်။

အနှီးဖြူလေးထဲမှာ ကလေးက ငြိမ်သက်ကာ အိပ်ပျော်နေသည်။ ကလေးက မျက်ခွံလေး တရွရွ လှုပ်လာသည်။

မျက်ဝန်းလေး မပွင့်တပွင့် ဖွင့်ကြည့်ပြီး သူရှိရာဘက် ကြည့်သယောင်ယောင်နှင့် နှုတ်ခမ်းလေး တွန့်ခနဲ ဖြစ်သွားပုံမှာ သူ့ကို ပြုံးပြလိုက်သလိုလို. . .။

သူ့ရင်ထဲ နွေးထွေးသွားပါသည်။

ကလေးရဲ့အပြုံးနုနုလေးမှာ ဖြူစင်လွန်းလိုက်တာ။

ထိုအပြုံးလေးက . .

ခရမ်းပြာရဲ့အပြုံးနှင့် တူသယောင်. . .

သူထင်လိုက်မိပါတော့သည်။

www.burmeseclassic.com